www.thitsarparamisociety.com

သစ္စာရွှေစည်စာစဉ် (၂၉)

# "အဘိဓာန်ပါရမီ"

## ပါရမီဆယ်ပါး မြတ်တရားဒေသနာ

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

အရှင်ဝိလာသဂ္ဂါလင်္ကာရ တည်းဖြတ်သည်

www.thitsarparamisociety.com

သစ္စာရွှေစည်စာစဉ်(၂၉) ပုံနှိပ်မှတ်တမ်း

၂၀၁၈-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ(၁၀၀၀၀)

တန်ဖိုး(၂၀၀)ကျပ်

ကွန်ပျူတာစာစီ ♦ မေ့ဗျူဟာ-ဒေါ်ဌေးဌေးအောင်

ထုတ်ဝေသူ ♦ ဦးသီဟအောင် (၀၁၆၁၆)
သဒ္ဓမ္မစာပေတိုက်၊ အမှတ်(၉၈)၊ ဦးကြင်ဥလမ်း
၃၂-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်၊ ၅၄၄-အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

## သစ္စာရွှေစည်စာစဉ်များကို
## အုပ် (၁၀၀)နှင့်အထက်
## မေ့ဒါနပြုလိုသူများအတွက်
## တစ်အုပ်လျှင် (၁၅၀)

www.thitsarparamisociety.com

# မာတိကာ


၁။ အဓိဋ္ဌာန်ပါရမီ ၂
၂။ အဓိဋ္ဌာန်ပါရမီဥပမာ ၄
၃။ အဓိဋ္ဌာန်သုံးမျိုး ၅
၄။ အဓိဋ္ဌာန်၏အဓိပ္ပာယ် ၇
၅။ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် ၁၀
၆။ သိဒ္ဓတ္ထမင်းသား၏ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် ၁၀
၇။ ဘုရားလောင်း၏ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် ၁၁
၈။ စမ္မေယျဇာတ် ၁၃
၉။ အာသီသအဓိဋ္ဌာန် ၁၃
၁၀။ ဘုရားရှင်၏ အာသီသအဓိဋ္ဌာန် ၁၄
၁၁။ နဠပါနဇာတ် ၁၆
၁၂။ ဝတအဓိဋ္ဌာန် ၂၀
၁၃။ တေမိယဇာတ်တော် ၂၁
၁၄။ တေမိယမည်ရခြင်းအကြောင်း ၂၂
၁၅။ ခိုးသူသတ်အိမ် ၂၅
၁၆။ ရှင်ဘုရင် မဖြစ်ကြောင်း နည်းလမ်းကောင်း ၂၇
၁၇။ ဘုရားလောင်းအဓိဋ္ဌာန်ပါရမီဖြည့်ပုံ ၃၀
၁၈။ အဓိဋ္ဌာန်မပျက်အောင် အားထုတ်နည်း ၃၃
၁၉။ ဖြတ်ကျော်ရအခက်ဆုံး စမ်းသပ်ချက် ၄၁
၂၀။ တေမိမင်းသားကို တိုင်းပြည်မှ နှင်ထုတ်ခြင်း ၄၄
၂၁။ တေမိမင်းသား အဓိဋ္ဌာန်ပြည့်ပြီ ၄၈
၂၂။ တေမိမင်းသား ရသေ့ဝတ်ခြင်း ၅၀
၂၃။ ချမ်းသာစွာနေနည်း ၅၁
၂၄။ အကျွမ်းမဝင်သင့်သောအရာ ၅၇
၂၅။ တရားနိဂုံး ၆၇

www.thitsarparamisociety.com

# 'သစ္စာရွှေစည်စာစဉ်များ' ရနိုင်သောဌာနများ

၁ သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမင်းဝံရပ်၊ **စစ်ကိုင်းမြို့**။
(၀၇၂-၂၂၉၀၁၊ ၀၉-၄၉၂၆၉၃၃၀၊ ၀၉-၄၂၅၃၇၃၁၁၇)

၂ သစ္စာရွှေစည်ကျောင်းတိုက်၊ ရွှေမှန်တင်ကျေးရွာ၊
ကျွန်းကလေးအုပ်စု၊ **လှည်းကူးမြို့**၊ ရန်ကုန်တိုင်း။
(၀၉-၄၄၈၀၀၉၇၆၉၊၀၉-၂၅၄၀၀၁၉၉၆)

၃ **မြနန်းရှင် ကျောက်စီပန်းချီ**၊ ၅၂၊ မြေညီထပ်၊ ကွေ့(၁)ရှေ့၊
သမိုင်းဘူတာရုံလမ်း၊ သမိုင်းလမ်းဆုံအနီး၊ **မရမ်းကုန်း**
(၀၁-၆၆၃၀၄၂၊ ၀၉-၅၀၈၇၆၁၉၊ ၀၉-၇၃၀၀၉၆၇၆)

၄ **ဝိမုတ္တိတရားအလှူတော်နှင့် ယူနီကွန်ပျူတာ**
တိုက်-၁/၀၀၁ ၊ အနောက် အောင်မြေသာစည်အိမ်ရာ၊
ဆင်ရေတွင်း မှတ်တိုင်အနီး၊ **ကမာရွတ်မြို့နယ်**၊ **ရန်ကုန်မြို့**။
(၀၁-၅၀၀၇၄၀ ၊ ၀၉-၅၀၉၈၀၉၀)

၅ ဒေါ်ဌေးဌေးအောင် **(မွေ့ဗျူဟာစာစောင်)**
**ဗဟန်းမြို့နယ်**၊ **ရန်ကုန်မြို့**။(၀၁-၅၄၆၅၃၂၊ ၀၉-၃၀၀၉၄၅၀၆)

၆ **ဦးဘဖိုး+ဒေါ်အုန်းကြည်**(ပရဆေးဆိုင်)
အမှတ် ၄၆၇-၄၆၈၊ သိမ်ကြီးဈေး(ဒီရုံ)၊ **ရန်ကုန်မြို့**။
(၀၁-၂၄၀၆၀၀၀ လိုင်းခွဲ ၄၁၇၄၊ )

၇ **ဦးဝင်းကို+ဒေါ်ပေါက်**၊ ၃၆-လမ်း၊ ၈၇-၈၈ ကြား၊
မစိုးရိမ်တိုက်ဟောင်းမြောက်ပေါက်၊ ရတနာပုံဆီစက်ဝင်း၊
**မန္တလေးမြို့**၊ (၀၂-၆၃၉၅၆၊ ၀၉-၅၁၄၉၈၈၅)

၈ **ဒေါ်မဠု (ရွှေဒေါင်းယဉ်သက်နိုးတိုက်)**၊ ဘုရားကြီးလမ်း၊
**မုံရွာမြို့**။ (၀၇၁-၂၁၂၉၇၊ ၀၉-၂၁၃၀၇၈၃)

www.thitsarparamisociety.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သာသနာတော်နှစ် ၂၅၆၀-ခု၊
ကောဇာသက္ကရာဇ် ၁၃၇၈-ခု၊ ကဆုန်လပြည့်ကျော်(၈)ရက်၊
(၂၉-၅-၂၀၁၆)၊ တနင်္ဂနွေနေ့တွင် ဓမ္မဒါနအလှူရှင်
နှစ်ဖက်သော မိဘများကို အမှူးထား၍
ဦးသိန်းထွန်း+ဒေါ်ကြည်ကြည်ခင် မိသားစုတို့၏
ဓမ္မဒါနကို အကြောင်းပြု၍
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
တံတားလေးလမ်း၀၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊
ဓမ္မသီရိဓမ္မဗိမာန်တွင် ဟောကြားအပ်သည့်

# ပါရမီဆယ်ပါး မြတ်တရားဒေသနာ

## “ အဓိဋ္ဌာန်ပါရမီ ”

ဒီကနေ့ည တရားတော်မြတ်ကို နာယူကြည်ညိုကြဖို့ ရောက်ရှိလာကြတဲ့ အားလုံးသော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ နာယူကြည်ညိုကြရမယ့် တရားဒေသနာသည် ပါရမီဆယ်ပါးထဲက ရှစ်ခုမြောက် ပါရမီဖြစ်တဲ့ ‘အဓိဋ္ဌာန ပါရမီ’။

www.thitsarparamisociety.com



# အဓိဋ္ဌာနပါရမီ

အဓိဋ္ဌာနပါရမီနှင့် ပတ်သက်ပြီးတော့ ဦးဇင်းတို့ ဘယ်ကနေ စတင်ပြီးတော့ ပြောချင်လဲဆိုတော့ ပါရမီဆယ်ပါးနှင့် ပတ်သက်ပြီးတော့ ဘုရားအလောင်းသူတော်ကောင်းကြီး ဘုရားအဖြစ်ကို ပြုတတ်တဲ့ ပါရမီတရားတွေကို စဉ်းစားဆင်ခြင်တဲ့ဉာဏ် 'ပါရမီပဝိစယဉာဏ်' ဆိုပြီးတော့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ မှတ်သားခဲ့ကြတယ်။

အဲဒီ 'ပါရမီပဝိစယဉာဏ်'ကို အသုံးချပြီးတော့ ဘုရားအဖြစ်ကို ပြုတတ်တဲ့တရားတွေဟာ ဘယ်လို တရားတွေလဲဆိုတာကို နတ်တွေ, လူတွေ ပူဇော်ထားတဲ့ ပန်းပုံကြီးပေါ်မှာ ထိုင်ရင်းနဲ့ ဘုရားအလောင်း သူတော်ကောင်းဖြစ်တဲ့ သုမေဓာရှင်ရသေ့သည် စဉ်းစားဆင်ခြင်ခဲ့တယ်၊ ရှာဖွေခဲ့တယ်။ အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်လို ပြန်လည်ပြီးတော့ ဟောပြထားသလဲဆိုတော့-

**နဟေတေ ဧတ္တကာယေဝ၊ ဗုဒ္ဓဓမ္မာ ဘဝိဿရေ။**
**အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။**

www.thitsarparamisociety.com


ဘုရားအဖြစ်ကို ပြုတတ်တဲ့ တရား တွေဟာ 'ဒါန၊ သီလ၊ နိက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ ဒီတရား(၇)ပါးမျှတင် မကပေဘူး။ နောက်ထပ်လည်း ပဲ ရှိရလိမ့်ဦးမယ်ဆိုပြီးတော့ ထပ်မံပြီးတော့ ဘုရား အဖြစ်ကို ပြုတတ်တဲ့ သဘာဝတရားတွေကို စူးစမ်း ရှာဖွေတဲ့အခါမှာ-

**ဝိစိနန္တော တဒါ ဒက္ခိံ၊ အဋ္ဌမံ အဓိဋ္ဌာနပါရမိံ။**
**ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။**

ရှေးရှေးထဲက ဘုရားအလောင်း သူတော်ကောင်း ကြီးများ အမြဲမပြတ် လေ့ကျင့်အပ်တဲ့ ရှစ်ခုမြောက် အဓိဋ္ဌာနပါရမီဆိုတာကို ဘုရားအလောင်း သူတော် ကောင်းကြီး ထပ်မံပြီးတော့ တွေ့ရှိတော်မူခဲ့တယ်။

'အဓိဋ္ဌာနပါရမီ'ကို တွေ့တဲ့အခါမှာ ဘုရား အလောင်းက သူ့ကိုယ်သူ အဓိဋ္ဌာန်ပါရမီကို ခိုင်မြဲ အောင် စွဲစွဲမြဲမြဲ ကျင့်သုံးမယ်ဆိုလို့ရှိရင် သင်ဟာ သဗ္ဗညုတဉာဏ်ကိုရလို့ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့် မယ်ဆိုပြီးတော့-

**ဣမံ တွံ အဋ္ဌမံ တာဝ၊**
**ဒဠှံ ကတွာ သမာဒိယ။**

www.thitsarparamisociety.com


**တတ္ထ တံ့ အစလော ဟုတွာ၊**
**သမ္ဗောဓိံ ပါပုဏိဿသိ။**

သင်ဟာ ရှစ်ခုမြောက်ပါရမီဖြစ်တဲ့ 'အဓိဋ္ဌာန ပါရမီ' ကို စွဲစွဲမြဲမြဲ ကျင့်သုံးမယ်ဆိုလို့ရှိရင် သင်ဟာ သဗ္ဗညုတဉာဏ်ကိုရလို့ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့် မယ်လို့ အဲဒီလို သူ့ကိုယ်သူ ဆုံးမတယ်။

## အဓိဋ္ဌာန်ပါရမီ၏ဥပမာ

အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းဖို့ ကျင့်သုံးဖို့ ဘုရားအလောင်းက သူ့ကိုယ်သူ ဆုံးမတဲ့အခါမှာ တခြားတခြားသော ပါရမီတရားတွေကို ကျင့်သုံးဖို့ ဆုံးမတဲ့အခါ ဥပမာလေးတွေ ပေးပြီးတော့ ဆုံးမ သလိုပါပဲ။ 'အဓိဋ္ဌာနပါရမီ' မှာလည်းပဲ ဥပမာတွေ ပေးပြီးတော့ သူ့ကိုယ်သူ ဆုံးမတော်မူခဲ့တယ်။

ပေးတဲ့ ဥပမာက–

**ယထာပိ ပဗ္ဗတော သေလော၊ အစလော သုပ္ပတိဋ္ဌိတော။**
**န ကမ္ပတိ ဘုသဝါတေဟိ၊ သကဋ္ဌာနေဝ တိဋ္ဌတိ။**

ဥပမာအားဖြင့် ကျောက်သားအတိပြီးတဲ့ ပကတိကျောက်တောင်ကြီး၊ ကျောက်တောင်ကြီးဟာ

www.thitsarparamisociety.com



တစ်ခုလေးမှ ကွဲနေ အက်နေတာတောင် မရှိဘူး။ ပကတိကျောက်သားဖြင့်ပြီးတဲ့ အလွန်မှ ခိုင်မာတဲ့၊ ထုထည်ကြီးမားတဲ့ ကျောက်တောင်ကြီးတစ်ခု။ အရပ်လေးမျက်နှာကလာတဲ့ လေတို့ကြောင့် ဘယ်တော့မှ တုန်တယ်၊ လှုပ်တယ်ဆိုတာ အဲ့ဒီကျောက်တောင်ကြီးမှာ မရှိဘူး။

အဲဒီကျောက်သားနှင့်ပြီးနေတဲ့ ကျောက်တောင်ကြီးဟာ အရပ်လေးမျက်နှာကလာတဲ့ လေမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်း မရှိ၊ ကိုယ့်နေရာကိုယ်မှာပဲ အမြဲတမ်း ရပ်တည်ပြီးတော့ နေနိုင်သလို သင်ဟာလည်းပဲ ကုသိုလ်ကောင်းမှုတွေနှင့် ပတ်သက်ပြီးတော့ ဘယ်အချိန်ထိ၊ ဘယ်အတိုင်းအတာအထိ၊ ဘယ်လိုလုပ်မယ်လို့ အဓိဋ္ဌာန်ထားတဲ့ တရားတွေနှင့် ပတ်သက်ပြီးတော့ တုန်လှုပ်မှု မရှိဘဲနှင့် သင်လည်းပဲ ကျင့်သုံးနိုင်မယ် ဆိုလို့ရှိရင် သဗ္ဗညုတဉာဏ်ကိုရလို့ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်။

**တထေဝ တွမ္ပိ အဓိဋ္ဌာနေ၊ သဗ္ဗဒါ အစလော ဘဝ။**
**အဓိဋ္ဌာနပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ။**

သင်ဟာလည်းပဲ အဓိဋ္ဌာန်တရားနှင့် ပတ်သက်

www.thitsarparamisociety.com


ပြီးတော့ အခါခပ်သိမ်း မတုန်လှုပ်သည် ဖြစ်ပါလော့။ အဓိဋ္ဌာန်ပါရမီတရားကို စွဲစွဲမြဲမြဲ ကျင့်သုံးခြင်းဖြင့် သင်ဟာ သဗ္ဗညုတဉာဏ်ကိုရလို့ ဘုရားစင်စစ် ဧကန် ဖြစ်လိမ့်မယ်။

## အဓိဋ္ဌာန်သုံးမျိုး

အဲဒီတော့ ဒီနေရာမှာ အဓိဋ္ဌာန်တရားဆိုတာ သုံးမျိုးရှိတယ်။

၁။ '**ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်**'တဲ့။ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် ဆိုတာက ဘာဖြစ်မယ်ဆိုရင် ဘယ်လိုကြီး ဖြစ်ပါစေ လို့ ရှေ့ကနေ နိမိတ်ဖတ်တဲ့အနေနှင့် အဓိဋ္ဌာန်ပြုတဲ့ အဓိဋ္ဌာန်မျိုး။

ဥပမာ ဆိုကြပါစို့.... ဘုရားတွေမှာ တချို့ ကျောက်လုံးကြီးတွေ ရှိတယ်။ စာမေးပွဲ အောင်မယ် ဆိုရင် ကျောက်လုံးကြီး ပေါ့ပါစေဆိုတဲ့ အဓိဋ္ဌာန် မျိုးပေါ့။

၂။ '**အာသီသအဓိဋ္ဌာန်**'တဲ့။ 'အာသီသအဓိဋ္ဌာန်' ဆိုတာက ကိုယ်ဖြစ်ချင်တာကို တောင့်တပြီးတော့ အဓိဋ္ဌာန်လိုက်တာ။ သစ္စာတရားနှင့်တော့ မတူဘူး။

www.thitsarparamisociety.com


ပြီးတော့ ဦးဇင်းတို့ အဲ့ဒါကို နည်းနည်းလေး ခွဲခြားပြီးတော့ ပြောပါ့မယ်။

၃။ '**ဝတအဓိဋ္ဌာန်**'တဲ့။ ဝတအဓိဋ္ဌာန်ဆိုတာက ကုသိုလ်ကောင်းမှုနှင့် ပတ်သက်ပြီးတော့ ငါ ဘယ်အတိုင်းအတာအထိ လုပ်မယ်။ အချိန်ကာလ ဘယ်လောက်အထိ ကြာအောင် လုပ်မယ်လို့ ကိုယ့်ဟာကိုယ် သတ်မှတ်လိုက်တယ်။ ကိုယ် သတ်မှတ်ထားတဲ့ သတ်မှတ်ချက်၊ ကိုယ် ချထားတဲ့စည်းကမ်းကို မကျိုးမပေါက်အောင်, အတိမ်းအစောင်း မရှိအောင် လိုက်နာကျင့်သုံးတာ 'ဝတအဓိဋ္ဌာန်'။ ဒီအဓိဋ္ဌာန်က အဓိက ကျင့်သုံးရမယ့် အဓိဋ္ဌာန်ပဲ။

## အဓိဋ္ဌာန်၏ အဓိပ္ပာယ်

အဲဒီတော့ ဒီနေရာမှာ အဓိဋ္ဌာန်ဆိုတဲ့ စကားလုံးလေးရဲ့ မူရင်းအဓိပ္ပာယ်လေးကို နားလည်ဖို့တော့ လိုသေးတယ်။ အဓိဋ္ဌာန်ဆိုတာ ဘာလဲလို့ မေးရင် အဓိဋ္ဌာန်ဆိုတာ '**ဆောက်တည်တာ**'ပဲ။

ဆောက်တယ်၊ တည်တယ်။ __**ဆောက်တယ်ဆိုတာ**__ အိမ်တွေဘာတွေ ဆောက်တာ၊ ကျောင်းတွေဘာတွေ ဆောက်တာ။ ဆောက်တယ်ဆိုလို့ရှိရင် စိုက်

www.thitsarparamisociety.com


လိုက်တဲ့သဘောက အဓိက ပါပြီးသား။

တည်တယ်ဆိုတာကျတော့ သူက ပိုပြီးတော့ တောင်မှ ခိုင်မြဲသွားတယ်။ ဒီနားမှာ တည်နေအောင် လုပ်ထားတယ်။ ဘုရား တည်တယ်။

ဆောက်ကော၊ တည်ကော ပေါင်းထားလိုက်တဲ့ ဆောက်တည်တယ်ဆိုတာ ပိုပြီးတော့ ခိုင်မြဲအောင် ကြိုးစားတယ်ဆိုတဲ့ အဓိပ္ပာယ်။

ကိုယ့်ရဲ့စိတ်ထဲမှာ ဒါကို လုပ်မယ်ဆိုလို့ရှိရင် တုန်လှုပ်မှု မရှိဘဲနှင့် အမျိုးမျိုးသော အခက်အခဲတွေ ကြုံလာသော်လည်းပဲ ဘယ်လို အခက်အခဲပဲကြုံကြုံ ကိုယ် လုပ်မယ်လို့ စိတ်ကူးထားတဲ့၊ ရည်ရွယ်ထားတဲ့၊ ကိုယ် ဆုံးဖြတ်ထားတဲ့၊ ကိုယ် ဆောက်တည်ထားတဲ့ အရာကိုတော့ မပျက်စီးအောင် ကိုယ်ဆက်ပြီးတော့ လုပ်မယ်ဆိုတာမျိုးကို ဘာလို့ခေါ်လဲ။ 'အဓိဋ္ဌာန်'။

အလှူဒါနနှင့် ပတ်သက်ပြီးတော့ ငါ ဘယ် လောက်အထိ လှူမယ်, ဘယ်အတိုင်းအတာအထိ လှူမယ်၊ ကိုယ့်စိတ်ကူးလေးတွေ ရှိတယ်။ အဲဒီလိုပဲ သီလနှင့် ပတ်သက်ပြီးတော့ ငါ ဘယ်နှပါး သီလကို ဆောက်တည်မယ်, ဘယ်အရွယ်အထိ ဆောက်တည်

www.thitsarparamisociety.com


မယ်, ဘယ်လောက်အထိ ဆောက်တည်မယ်, အသက် ထက်ဆုံး ဆောက်တည်မယ် အစရှိသဖြင့်။ ဘာဝနာနှင့် ပတ်သက်ပြီးတော့လည်းပဲ ငါ တစ်နာရီ ထိုင်မယ်, နာရီဝက်ထိုင်မယ် အစရှိသဖြင့် ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေနှင့် ပတ်သက်ပြီးတော့ ဘယ် အတိုင်းအတာအထိ၊ ဘယ်အချိန်ကာလအထိ လုပ် မယ်ဆိုပြီးတော့ ကိုယ့်စိတ်ကူးလေးနှင့် ကိုယ် ဆောက် တည်မှု ပြုပြီးတော့ ကြိုးစားရတာ မရှိဘူးလား။ အဲ့ဒီ ဆောက်တည်တဲ့ ကိစ္စကလည်းပဲ ဆောက်တည်ရုံ တည်လိုက်တာနှင့် အဓိဋ္ဌာန်ပါရမီက မမြောက်သေး ဘူး။ အစတုန်းကတော့ လေကြီး မိုးကြီးနှင့် ဆောက် တည်လိုက်တယ်။ ပြီးတော့ မလုပ်နိုင်ဘူးဆိုတော့ အဓိဋ္ဌာန်ပါရမီက မြောက်သေးလား။ မမြောက်တော့ ဘူး။ အဲဒီတော့ ကိုယ် ဆောက်တည်ထားတယ်ဆိုရင် ဆောက်တည်ထားတဲ့အတိုင်း ပြီးပြည့်စုံအောင် လုပ် နိုင်မှ အဓိဋ္ဌာန်ပါရမီက မြောက်တာ။

အဲဒါကြောင့် ကောင်းမြတ်တဲ့ကိစ္စတွေမှာ ကိုယ် လုပ်မယ်လို့ ဆုံးဖြတ်ချက် ချထားတာကို ကိုယ်က ဘာလုပ်ရမလဲ။ ပြည့်အောင်မီအောင် ကြိုးစားရမယ်။

www.thitsarparamisociety.com


အဲဒါကို ဘာလို့ခေါ်လဲ။ 'အဓိဋ္ဌာန်ပါရမီ'။

အဲဒီအဓိဋ္ဌာန်တရားနှင့် ပတ်သက်ပြီးတော့ ခု ဦးဇင်းတို့ ဘယ်နှမျိုး ပြောလိုက်လဲ။ သုံးမျိုး ပြောလိုက်တယ်။ အဲဒါတွေကို နည်းနည်း အကျယ်ချဲ့ကြည့်ရအောင်...။

## ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်

ဒီနေရာမှာ ဦးဇင်းတို့ 'ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်' ဆိုတာနှင့် ပတ်သက်ပြီးတော့ အများသိတဲ့ ဥပမာ တစ်ခု ပြောရမယ်ဆိုလို့ရှိရင် ဦးဇင်းတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး တောထွက်တော်မူလာတဲ့အခါ မှာ အနော်မာသောင်ကမ်းမှာ ဆံတော်ကို ပယ်တယ် ဆိုတာ အားလုံး သိတယ်။

## သိဒ္ဓတ္ထမင်းသား၏ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်

ပါလာတဲ့ သံလျက်နှင့် ဆံတော်ကို ဖြတ်ပြီး တော့ ငါ ဘုရားဖြစ်မယ်ဆိုလို့ရှိရင် ဒီဆံဟာ အောက် ကို ပြန်မကျပါစေနှင့် ဆိုပြီးတော့ ဆံတော်ကို ဘာ လုပ်လိုက်လဲ၊ မြှောက်တင်လိုက်တယ်။

မြှောက်လိုက်တဲ့အခါ ဘုရားစင်စစ် ဧကန် ဖြစ်

www.thitsarparamisociety.com


မယ် ဆိုတာကြီးက သေချာနေတော့ ဆံတော်ကို သိကြားမင်းက ကလာပ်နှင့် ခံပြီးတော့ ယူသွားရော။ အဲ့ဒီဆံတော်ဟာ ပြန်ပြီးတော့ ကျမလာဘူး။

ဒီအခိဋ္ဌာန်ဟာ ဘာလဲဆိုတော့ 'ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်'ပဲ။ ဘုရားအလောင်း သူတော်ကောင်းကြီးရဲ့ အဓိဋ္ဌာန်၊ ဟုတ်ရဲ့လား။

နောက်ပြီးတော့ ဦးဇင်းတို့ ဘုရားအလောင်း သူတော်ကောင်းကြီး ဒုက္ကရစရိယာ ခြောက်နှစ်ကြာ အောင် ကျင့်သုံးပြီးတဲ့နောက်မှာ ဒီအကျင့်နှင့် ကျင့်နေ လို့ကတော့ ငါ သဗ္ဗညုတဉာဏ်ကို ရပြီးတော့ ဘုရား မဖြစ်နိုင်ဘူး။ ဒါက ပြင်းထန်လွန်းတယ် ဆိုပြီးတော့ မရှိမပဋိပဒါ အလယ်အလတ်လမ်းကို ကျင့်သုံးတယ်။ ဆွမ်းတွေ ဘာတွေ ပြန်ပြီးတော့ ခံစား။ အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ ဒီလို နေရင်းနဲ့ ဦးဇင်းတို့ ကဆုန်လပြည့်နေ့၊ ဘုရားဖြစ်မယ့်နေ့ပေါ့။

## ဘုရားလောင်း၏ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်

အဲဒီ ကဆုန်လပြည့်နေ့ နံနက်ခင်းမှာ ဘုရား အလောင်း သူတော်ကောင်းကြီးကို သုဇာတာသူဌေး သမီးက ဃနာနို့ဆွမ်းတွေ ထည့်ပြီးတော့ ရွှေခွက်နှင့်

www.thitsarparamisociety.com


လှူတာ။ အဲဒီမှာ ဆွမ်းဘုဉ်းပေးပြီးပြီ ဆိုကြပါစို့။ အဲဒီရွှေခွက်ကို မြစ်ထဲကို မျှောတာ။ မြစ်ထဲကို မျှောတဲ့အခါကျတော့ ဘယ်လို အဓိဋ္ဌာန်နှင့် မျှောလဲ။

ဘုရားဖြစ်မယ်ဆိုလို့ရှိရင် ဒီရွှေခွက်ဟာ ရေအညာကို ပြန်ပြီးတော့ ဆန်တက်ပါစေသား။ ဘုရားမဖြစ်ဘူးဆိုရင်တော့ ပုံမှန်အတိုင်း စုန်တဲ့အတိုင်း မျှောသွားပေါ့။ အဲဒီအတိုင်း ရွှေခွက်ကို ချလိုက်တာ ရွှေခွက်က တစ်ခါတည်း ရေညာကို အတင်းပြေးသလိုတောင် ပြေးတယ်တဲ့။ သွက်သွက်သွက်သွက်နှင့် တစ်ခါတည်း ဆန်တက်သွားတာ။ ငါးကလေးများ ကူးခတ်သွားသလိုပေါ့။

အဲဒီလို ဘုရားအလောင်း သူတော်ကောင်းကြီးရဲ့ ဘုရားဖြစ်မယ်ဆိုလို့ရှိရင် ဒီရွှေခွက်ဟာ ရေညာဆန်ပါစေသား ဆိုပြီးတော့ အဓိဋ္ဌာန်ပြီးတော့ ချလိုက်တဲ့ အဓိဋ္ဌာန်ခြင်းမျိုးကို 'ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်'။

ဇာတ်တော်တွေထဲမှာ ဒီ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်နဲ့ ပတ်သက်ပြီးတော့ ဦးဇင်းတို့ တွေ့ရတာတွေလည်း အများကြီး ရှိပါတယ်။

www.thitsarparamisociety.com


## စမွေယျဇာတ်

ဥပမာတစ်ခု ပြောရမယ်ဆိုရင် 'စမွေယျဇာတ်' မှာ စမွေယျနဂါးမင်းက လူ့ပြည်သွားပြီး ဥပုသ်စောင့်မယ်ဆိုပြီးတော့ သူ့ရဲ့ နဂါးမိဖုရားကြီးကို တိုင်ပင်တယ်။ ဟိုကလည်း တားတာပေါ့။ ဒါပေမယ့် မရဘူး။ သူ သွားမယ်ပေါ့။ စိတ်ပူတဲ့အတွက်ကြောင့် မင်း စိတ်မပူရအောင် ငါ မှာခဲ့မယ်။ တကယ်လို့ ငါ လူ့ပြည်ကို သွားတဲ့အခါမှာ "ငါ့ကို အလမ္ပာယ်ကများ ဖမ်းမယ်ဆိုလို့ရှိရင် ဟောဒီ မင်္ဂလာရေကန်ထဲက ရေဟာ သွေးချင်းချင်း နီပြီးတော့ နေပါစေ"။ ဒီလို အဓိဋ္ဌာန်တာ။

သူ လူ့ပြည်ရောက်တဲ့အခါကျတော့ သူ့ကို အလမ္ပာယ် အဖမ်းခံရတာပဲ။ အဲဒီမှာ မိဖုရားကြီးက ဒီကနေ ကြည့်တယ်။ ရေကန်ကလည်း တကယ် သွေးတွေလို နီရဲနေတယ်။ အံ့ဩစရာပါပဲ။ ဒါမျိုးကိုလည်း ဘာလို့ခေါ်လဲဆိုတော့ 'ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်'။ ဟုတ်ရဲ့လား။

www.thitsarparamisociety.com


## အာသီသအဓိဋ္ဌာန်

ဦးဇင်းတို့ ဒုတိယအဓိဋ္ဌာန်က ဘာလဲဆိုတော့ 'အာသီသအဓိဋ္ဌာန်'။

အာသီသအဓိဋ္ဌာန်က ကိုယ်ဖြစ်ချင်တာကို အဓိဋ္ဌာန်ပြုတာ။ မနေ့က ဦးဇင်းတို့ ပြောခဲ့တဲ့ **ဣစ္ဆာပူရဏာသစ္စာ**က ကိုယ့်ရဲ့ အလိုဆန္ဒတစ်ခု ပြည့်ဝဖို့ အတွက် သစ္စာဆိုတာ။ အဲဒါက မှန်တဲ့စကားတစ်ခုကို ပြောရတယ်။ ခုအဓိဋ္ဌာန်တာက မှန်တဲ့စကား ပြောစရာ မလိုဘူး။ ကိုယ် ဖြစ်ချင်တာကိုပဲ သက်သက် ပြောပြီးတော့ အဓိဋ္ဌာန်လိုက်တာ၊ ဆောက်တည် လိုက်တာကို 'အာသီသအဓိဋ္ဌာန်'။

## ဘုရားရှင်၏ အာသီသအဓိဋ္ဌာန်

အာသီသအဓိဋ္ဌာန်ကို ဥပမာ ပြရမယ်ဆိုလို့ ရှိရင် ဦးဇင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရား ဖြစ်ပြီးတဲ့နောက်မှာ တဖုဿနှင့် ဘလ္လိကက မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဆွမ်းလှူမယ်၊ ပေါက်ပေါက်ဆွမ်း လှူကြမယ်ဆိုတော့ မြတ်စွာ ဘုရားရှင်မှာ အဲဒီအချိန်က ခံယူစရာ သပိတ်မရှိဘူး။

www.thitsarparamisociety.com



သပိတ်မရှိတာကို သိတဲ့အတွက်ကြောင့် နတ်မင်းကြီး လေးပါးက မြသပိတ်တွေ လာပြီးတော့ လှူတယ်။ မြတ်စွာဘုရားက မအပ်စပ်ဘူးဆိုပြီးတော့ လက်မခံဘူး။ အဲဒါနှင့် ပဲနောက်အဆင်းရှိတဲ့ သပိတ်ကို နတ်မင်းကြီးလေးပါးက တစ်ပါး တစ်လုံး မြတ်စွာဘုရားကို လာလှူတယ်။ မြတ်စွာဘုရားက အဲဒီ နတ်မင်းကြီးတွေရဲ့ သဒ္ဓါတရားကို ငဲ့တဲ့အနေနှင့် သပိတ် လေးလုံးလုံးကို အလှူခံလိုက်တယ်။

သပိတ်လေးလုံး အလှူခံပြီးတော့ လေးလုံးလုံးကြီး ကိုင်လို့ ဖြစ်တာမှ မဟုတ်ဘဲကိုး။ ဘာလုပ်လဲဆိုတော့ အဲဒီသပိတ်လေးလုံးစလုံးကို အထက်အောက်ထပ်ပြီးတော့ 'ဒီသပိတ်လေးလုံးသည် တစ်လုံးတည်းဖြစ်ပါစေ' လို့ အဓိဋ္ဌာန်ပြီးတော့ ဖိချလိုက်တယ်။ အဲဒါ သပိတ်တစ်လုံးတည်း ဖြစ်သွားတယ်။ အနားက လေးရစ် ဖြစ်သွားတယ်။ အဲဒါ မြတ်စွာဘုရားရဲ့ သပိတ်တော်။

အဲဒီလို ဒီသပိတ်လေးလုံးသည် တစ်လုံးတည်းဖြစ်ပါစေဆိုပြီးတော့ အဓိဋ္ဌာန်တာမျိုးကို 'အာသီသအဓိဋ္ဌာန်' လို့ ခေါ်တယ်။

www.thitsarparamisociety.com


# နဋ္ဌပါနဇာတ်

နောက်ပြီးတော့ ဦးဇင်းတို့ နဋ္ဌပါနဇာတ်ဆိုတာ ရှိတယ်။ အဲဒီဇာတ်တော်ထဲမှာ ပါတဲ့အကြောင်းအရာလေးကလည်းပဲ 'အာသီသအစိဋ္ဌာန်'ဆိုတာကို ထင်ရှားစေတယ်။

ဦးဇင်းတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ကြားဖူးပါတယ်။ '**ထုံးမတိမ်၊ ငုံး, အိမ်, ကျူ, လ**' ဆိုပြီးတော့ ကမ္ဘာတည်သ၍ တည်မည့်အရာကြီးလေးမျိုးပေါ့။

'ထုံးမတိမ်၊ ငုံး, အိမ်, ကျူ, လ'လေးမျိုးထဲက 'ကျူ'ဆိုတာကတော့ အခုပြောမယ့် နဋ္ဌပါနဇာတ်ပဲ။ ကျူပင်တွေမှာ အရင်တုံးက အဆစ်တွေရှိတယ်။ ဝါးလို အဆစ်တွေ ရှိတယ်။

အခုကျူတွေကျတော့ အဲဒီလိုမျိုး အဆစ် မရှိဘူး။ အဆစ်က အပြင်ဘက်ကကြည့်ရင်တော့ အရာလေးလိုလို ရှိပြီးတော့ အထဲထဲမှာတော့ တိုးလျှိုပေါက်ပြောင်းလောင်းပေါက်နေတယ်။

အဲဒါက ဦးဇင်းတို့ ဘုရားလောင်း မျောက်မင်းရဲ့ 'အာသီသအစိဋ္ဌာန်'ရဲ့ အစွမ်းကြောင့် အဲဒီလို

www.thitsarparamisociety.com


ဖြစ်သွားတာလို့ ကျမ်းစာတွေထဲမှာ ဒီလို မှတ်တမ်းတင်ထားတာ ရှိတယ်။ တစ်ခုသောဘဝမှာ ဘုရားအလောင်းက မျောက်တွေရဲ့ ခေါင်းဆောင်တစ်ဦးအနေနှင့် ကျင်လည်ကျက်စားခဲ့တယ်။

တစ်နေ့တော့ သူ့ရဲ့ လက်အောက်ငယ်သား မျောက်တွေနှင့် သွားရင်းလာရင်းနှင့် သူတို့ ရေငတ်ကြတယ်။ ရေငတ်တဲ့အခါ ဘီလူးစောင့်တဲ့ ရေကန်တစ်ခုအနားကို သူတို့ ရောက်တယ်။ ရောက်တဲ့အခါ ဘေးမှာလည်း ကျူရိုးကျူပင်တွေက ညို့စိမ်းပြီးတော့ ကန်ပေါင်ရဲ့ ဘေးမှာ ပတ်ပတ်လည် ပေါက်နေတာ။

ကန်ကြီးကလည်း ကြည်စိမ်းပြီးတော့ သောက်ချင်စရာ။ မျောက်တွေက အဲဒီအနား ရောက်တော့ မနေနိုင်ဘူး။ သောက်ချင်တာ။ ကန်ထဲဆင်းတော့မယ်ဆိုတော့ ဘုရားအလောင်းက သတိရှိတာကိုး။ နေကြဦး၊ မင်းတို့ မဆင်းကြနှင့်ဦး။ ဘာဖြစ်လို့လဲ ဆိုတော့ ငါ တစ်ခု သတိထားမိတယ်တဲ့။

ဒီရေကန်ကို ကြည့်လိုက်တော့ ဆင်းသွားတဲ့ ခြေရာလေးတွေပဲ တွေ့တယ်။ ပြန်တက်လာတဲ့ခြေရာ ငါ မတွေ့ရဘူး။ ဒါကြောင့် ဒီရေကန်ဟာ အန္တရာယ်

www.thitsarparamisociety.com


ရှိတယ်။

ဒီရေကန်ထဲကို မင်းတို့ မဆင်းနဲ့။ အခြေအနေကို စောင့်ကြည့်ကြဦးစို့ဆိုပြီး အကဲခတ်နေတယ်။ မျောက်တွေ အပင်ပေါ်ကနေ၊ ဘေးပတ်ပတ်လည်ကနေ၊ ကန်ထဲကို ဘယ်မျောက်မှ မဆင်းရဲဘူး။ အဲဒီတော့ ဘီလူးက မစောင့်နိုင်တော့ဘူး။ ခါတိုင်း ဘယ်သတ္တဝါပဲ ဆင်းလာ ဆင်းလာ သူ့ရေကန်ထဲ ဆင်းလာရင် သူက စားတာ။

မျောက်တွေ တစ်ကောင်မှ ဆင်းမလာတော့ သူက ဘွားခနဲ ထွက်လာပြီးတော့ ဒီရေကန်ထဲ ဆင်းပြီးတော့ သောက်ကြပါလား၊ ဘာလို့ မသောက်ကြတာလဲဆိုတော့ အဲဒီမှာ ဘုရားအလောင်းက ငါတို့ဆင်းရင် မင်းက စားမှာပေါ့။ ဒါကြောင့် တို့က မဆင်းဘူး။ ဘုရားအလောင်းက ငါတို့လည်းပဲ ရေသောက်ရအောင်၊ မင်းလည်းပဲ တို့တွေကို စားလို့မရအောင် ငါ့ရဲ့ ဉာဏ်စွမ်းနှင့် ဖန်တီးမယ်။

ဘီလူးကလည်း ဆင်းရင် စားမှာပဲ။ ဘုရားအလောင်းကလည်း သူ့ရဲ့မျောက်တွေ အကုန်လုံး ရေကန်ထဲ မဆင်းဘဲနှင့် ရေသောက်ရမယ့် နည်း

www.thitsarparamisociety.com



လမ်းကို ရှာတာ။ ရှာတော့ ကျူပြင်တွေ တွေ့တာကိုး။

ကျူပြင်ကို တွေ့တော့ ကျူပြင်တစ်ပင်ကို ဖြတ်ပြီးတော့ အဲဒီကျူရိုးတစ်ခုကို ပါးစပ်ကနေ မှုတ်ပြီးတော့ သူ ဘယ်လိုအဓိဋ္ဌာန်လဲဆိုတော့ 'ကျူရိုးတွေ အကုန်လုံး အဆစ်တွေ မရှိပါစေသတည်း' လို့ အဓိဋ္ဌာန်တယ်။

အဆစ်တွေ ပျောက်သွားရင် ပိုက်ကလေးတွေ အနေနှင့် လုပ်ပြီးတော့ ရေသောက်ချင်လို့။ အဲဒီအတိုင်း လုပ်လိုက်တဲ့အခါကျတော့ အဆစ်တွေ အကုန်လုံး ပျောက်သွားတယ်လို့ ဆိုတယ်။ အဲဒါနှင့် မျောက်တွေ အကုန်လုံး ကျူပြင်က ကျူရိုးကလေးတွေ နုတ်ချိုးပြီးတော့ ကန်ပေါင်ပေါ်ကနေပြီးတော့ ရေထဲကို ကျူရိုးလေးတွေ စိုက်ပြီးတော့ သောက်ကြတယ်လို့ ဆိုတယ်။ အဲဒီလို အဓိဋ္ဌာန်မျိုးကို ဘာလို့ခေါ်လဲ 'အာသီသ အဓိဋ္ဌာန်'။

ပရိသတ်အပေါင်း သူတော်ကောင်းတို့ အဓိဋ္ဌာန်တရားတွေနှင့် ပတ်သက်ပြီးတော့ ဒါက ဖြစ်ခဲ့တဲ့ အနေအထားလေးတွေကို ဗဟုသုတအဖြစ် ပြောပြတာပါ။ ဒီလိုအဓိဋ္ဌာန်တွေက ဘဝမှာ အရမ်းကြီး

www.thitsarparamisociety.com


အသုံးတည့်လိမ့်မယ်လို့တော့ မဆိုနိုင်ဘူးပေါ့။ သုံးချင်မှလည်း သုံးရမယ်။ ရှားရှားပါးပါး သုံးချင်လည်း သုံးရမယ်ပေါ့။

## ဝတအဓိဋ္ဌာန်

အရေးတကြီး ပါရမီတရားတစ်ခုအနေနှင့် ဖြည့်ဆည်းရမယ့်၊ လေ့ကျင့်ရမယ့်၊ ကြိုးစားအားထုတ်ရမယ့် အဓိဋ္ဌာန်က ဘာလဲဆိုတော့ 'ဝတအဓိဋ္ဌာန်'။

'ဝတအဓိဋ္ဌာန်'က အရေးကြီးတာ။ ဝတအဓိဋ္ဌာန်ဆိုတာက ကောင်းမြတ်တဲ့ကိစ္စတွေနှင့် ပတ်သက်ပြီးတော့၊ ကုသိုလ်ကောင်းမှုတွေနှင့် ပတ်သက်ပြီးတော့ ကိုယ် ဘယ်အတိုင်းအတာထိ လုပ်မယ်၊ ဘယ်လို လုပ်မယ်ဆိုပြီးတော့ ကိုယ် ဆုံးဖြတ်ထားတာလေးတွေ မရှိဘူးလား၊ ရှိတယ်။

အဲဒီ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်ကလေး၊ ကိုယ်လုပ်မယ်လို့ ဆောက်တည်ထားလိုက်တဲ့ အနေအထားလေးကို ပြီးစီးအောင်၊ လုပ်နိုင်အောင် ကြိုးစားရမယ်။

ကိုယ်လုပ်မယ်လို့ ရည်မှန်းထားတဲ့ ကိုယ်လုပ်ချင်တဲ့ လုပ်ငန်းလေးတွေက ဆုံးခန်းမတိုင်ဘဲ လမ်းခု

www.thitsarparamisociety.com


လတ်ကြားကာလမှာတင် ခါးပြတ်သွားတာမျိုးတွေ ကော မရှိဘူးလား၊ ရှိတယ်။ ခါးမပြတ်အောင် ကြိုးစားရမှာ။ ဒါကို 'ဝတအခ်ဋ္ဌာန်' အခ်ဋ္ဌာန်ပါရမီကို ဖြည့်ဆည်းတယ်လို့ ခေါ်တာ။

## တေမိယဇာတ်တော်

ဒီကနေ့ည ဦးဇင်းတို့ အဲဒီ'ဝတအခ်ဋ္ဌာန်'နှင့် ပတ်သက်ပြီးတော့ အားလုံး နည်းယူစရာ၊ သင်ခန်းစာ ယူစရာ တစ်နည်းအားဖြင့် စံထားစရာ ဇာတ်တော်တစ်ပုဒ်ကို ဦးဇင်းတို့ ပြောပြချင်တယ်။ ဘယ်ဇာတ်တော်လည်းဆိုရင် တေမိယဇာတ်တော်ပါ။

အဲဒါ ဦးဇင်းတို့ ဒီကနေ့ည တရားကတော့ အခ်ဋ္ဌာန်တရားဆိုတာထက် 'တေမိယဇာတ် တရားတော်'လို့ ပြောမယ်ဆိုရင်တောင် ပြောလို့ရတယ်။

တေမိယဇာတ်ဆိုတာက ပရိသတ်အပေါင်းသူတော်ကောင်းတို့အားလုံး အကြမ်းဖြင်း အားဖြင့် သိပြီးသားပါပဲ။ ဒါလေးတွေကို ဦးဇင်းတို့ အသေးစိတ်ကလေး ပြောချင်တာ။

တေမိယဇာတ်ဆိုတာက ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာ ပထမဦးဆုံး မှတ်တမ်း တင်ထားတဲ့ဇာတ်။

www.thitsarparamisociety.com


'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ' ဆိုတော့ တေဆိုတာ "တေမိယဇာတ်"။

အဲ့ဒီဇာတ်တော်ကို ဘာ့ကြောင့် ဒီနေရာမှာ ပြောရတာလဲဆိုတော့ အဲဒီ'ဝတအဓိဋ္ဌာန်'ကို တကယ့်ကို အသက်စွန့်ပြီးတော့ အမျိုးမျိုးသော အခက်အခဲတွေ ကြားထဲကနေ စွမ်းစွမ်းတမံ အံ့ဩစရာ ကောင်းလောက်အောင် ကြက်သီးမွေးညင်းထစရာ ကောင်းလောက်အောင် ကျင့်သုံးသွားနိုင်တော်မူတဲ့ ဘုရားလောင်းရဲ့အကြောင်း ဖြစ်နေလို့။

ဒါတွေကို ဦးဇင်းတို့ လေ့လာရတယ်ဆိုလို့ ရှိရင် ကိုယ်လည်းပဲ ခြော်-ကြိုးစားမှဟဲ့ဆိုတဲ့ အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းချင်စိတ် ပိုပြီးတော့ ထက်သန်လာဖို့ဆိုတဲ့ ရည်ရွယ်ချက်နှင့် ဒီဇာတ်တော်လေးကို ဦးဇင်းတို့ နာယူကြည့်ရအောင်။

## တေမိယမည်ရခြင်းအကြောင်း

တေမိယလို့ ဘာလို့ နာမည်ပေးတာလဲဆိုတော့ မွေးဖွားလာတဲ့အချိန်မှာ တစ်တိုင်းပြည်လုံး မိုးတွေ ရွာတယ်။ မိုးကိုမျှော်နေတဲ့အချိန်မှာ မိုးတွေ ရွာတော့

www.thitsarparamisociety.com


လူတွေအကုန်လုံး စိတ်ချမ်းသာကြတယ်။ တစ်တိုင်းပြည်လုံး မိုးရေဖြင့် ကောင်းသော စိုစွတ်ခြင်းဖြင့် စိုစွတ်ပြီးတော့, ပီတိတွေဖြစ်ပြီးတော့ ချမ်းသာကြလို့ မိုးရေဖြင့် တိုင်းပြည်ကို စိုစွတ်စေတဲ့အတွက်ကြောင့် '**တေမိယ**'လို့ သူ့ကို နာမည်ပေးတာ။

မင်းကြီးနှင့် မိဖုရားကြီးက ဒီသားတော်လေးကို လွယ်လွယ်ကူကူ ရတာတော့ မဟုတ်ဘူး။ မိဖုရားပေါင်း အများကြီးရှိတာထဲက မိဖုရားခေါင်ကြီးဖြစ်တဲ့ စန္ဒာဒေဝီရော၊ မိဖုရားအငယ်တွေရော တစ်ယောက်မှ သားသမီး မမွေးဘူးလို့ ဆိုတယ်။

အဲဒါနှင့် ဘုရင်ကြီးက ဒီလိုဆိုလို့ ရှိရင်တော့ အနွယ်အဆက် ပျက်ပြီးတော့ ထီးနန်းအုပ်ချုပ်မယ့်သူတောင် ရှိမှာမဟုတ်ဘူး။ အဲဒီတော့ မိဖုရားတွေ အကုန်လုံးကို ဘာလုပ်ခိုင်းလဲဆိုတော့ သားဆုပန်ခိုင်းတယ်။ တေမိယမင်းသားရဲ့ မယ်တော်ဖြစ်လာမယ့် စန္ဒာဒေဝီကတော့ ရှစ်ပါးသီလကို ဆောက်တည်ပြီးတော့ သားဆုပန်တယ်။

ဘုရားအလောင်းက သူ့ရဲ့ ဝမ်းကြာတိုက်မှာ လာပြီးတော့ ပဋိသန္ဓေနေပြီးတော့ မွေးဖွားလာတာ။

www.thitsarparamisociety.com


အလွန်မှ မြတ်နိုးကြတယ်ပေါ့။ ခဲရာခဲဆစ် ရထားတဲ့ သားကလေး။ တစ်တိုင်း တစ်ပြည်လုံးရဲ့ အညွှန့် အညောင့်ကလေးဆိုပြီးတော့ သူ့ကို အလွန် တန်ဖိုး ထားပြီးတော့ အလွန်မှ ချစ်ခင်မြတ်နိုးကြတယ်။

ဘုရားလောင်းကလေး တစ်လပြည့်တဲ့နေ့မှာ ဘုရင်ကြီးရဲ့ ရင်ခွင်ထဲမှာ သားကလေးကို ထည့်ထား တယ်။ ရင်ခွင်ထဲ ထည့်ထားပြီး ချော့မြှူနေတဲ့ အချိန် မှာပဲ မင်းချင်းတွေက ရာဇဝတ်သား လေးယောက်ကို ဖမ်းခေါ်လာတယ်။

တိုင်းပြည်မှာ ဆိုးသွမ်းနေတဲ့ လူဆိုးကြီး လေး ယောက်ကို မိလာတဲ့အခါကျတော့ ဘုရင်ကြီးက မြင် မြင်ချင်းပဲ စိတ်တိုတယ်။ စောစောက သားအပေါ်မှာ ရှိနေတဲ့ မေတ္တာတရားလေးတွေက ဘယ်ရောက်သွား မှန်း မသိတော့ဘူး။ တွေ့တဲ့ အာရုံအပေါ်မှာ မူတည်ပြီး တော့ စိတ်ကလည်း အမျိုးမျိုး ပြောင်းတာကိုး။ ဘုရင် ကြီးက ရာဇဝတ်သား လေးယောက်ကို ရက်ရက်စက် စက် ရာဇဝတ်ဒဏ်တွေ ပေးလိုက်တယ်။

ဖခမည်းတော်ရဲ့ ကြမ်းကြမ်းတမ်းတမ်း အသံ၊ ကြမ်းကြမ်းတမ်းတမ်း အမူအရာတွေနှင့် အလွန်

www.thitsarparamisociety.com


ကြောက်မက်ဖွယ်ရာကောင်းတဲ့ အနိဋ္ဌာရုံတွေကို တွေ့ရတဲ့အခါ ဘုရားအလောင်းလေးရဲ့စိတ်က ဘယ်လိုမှ ချမ်းသာမှု မရှိဘူး။ ကြာပန်းကို လက်နှင့် ဆုပ်နယ်လိုက်သလိုပဲ နွမ်းသွားတယ်။ လန်းဆန်းမှု မရှိတော့ဘူး။ သူ့စိတ်ထဲမှာ ဘယ်လိုမှ မချမ်းသာဘူး။

နေ့လယ်ရောက်တဲ့အခါ ထီးဖြူမိုးထားတဲ့ နေရာမှာ သိပ်ထားတယ်။ မနက်က မြင်ခဲ့ ကြားခဲ့ ရတဲ့အာရုံတွေက မပျောက်ဘူး။ အဲဒါကြီးကို စိတ်ထဲမှာ မြင်နေတယ်။

## ခိုးသူသတ်အိမ်

သူက စဉ်းစားတယ်။ ဘယ်လို စဉ်းစားလဲဆိုတော့ ငါဟာ ဒီခိုးသူသတ်အိမ်ကို ဘယ်လို လုပ်ပြီး တော့များ ရောက်လာပါလိမ့်။ မင်းနန်းတော်ကို သူ သုံးနှုန်းတဲ့ အသုံးအနှုန်းက ဘာတဲ့လဲ။ ခိုးသူသတ်တဲ့ အိမ်တဲ့။

ရာဇဝတ်သားတွေကို အပြစ်ပေးတဲ့အိမ်၊ အလွန်ကြမ်းတမ်းတဲ့ အိမ်လို့ သူက အဲဒီလို သုံးနှုန်းတယ်။ အမြင်တွေက မတူဘူး။ နန်းတော်ကြီး သာမန်ကြည့်မယ်ဆိုရင်တော့ အလွန်ကျက်သရေ မင်္ဂလာရှိတဲ့၊

www.thitsarparamisociety.com


အလွန်မှ နေချင့်စဖွယ်ကောင်းတဲ့ နေရာကြီးလို့ အများစု ကတော့ ရှုမြင် သုံးသပ်ကြမှာပဲ။ ဘုရားလောင်းလေး ကတော့ ဒီခိုးသူသတ်အိမ်ကို ငါ ဘယ်လိုများ ရောက် လာပါလိမ့်လို့ စဉ်းစားတယ်။

စဉ်းစားတဲ့အခါကျတော့ ဇာတိဿရဉာဏ် ရပြီး အရင်က ဖြစ်ခဲ့တဲ့ဘဝ သုံးဘဝကို သူ ဆက်ပြီး တော့ မြင်တယ်။ အရင်ဘဝက အနှစ်နှစ်ဆယ် ရှင်ဘုရင် လုပ်ခဲ့တဲ့အတွက်ကြောင့် ငရဲကြီးမှာ အနှစ် ပေါင်း ရှစ်သောင်းခံခဲ့ရတယ်။ ငရဲကနေ လွတ်တော့မှ တာဝတိံသာ နတ်ပြည်ရောက်တယ်။ တာဝတိံသာ နတ်ပြည်ကမှ အခု သူ မင်းသားလေး လာဖြစ်တယ်။ အဲဒီတော့ ငရဲဒုက္ခတွေက သူ့ရဲ့စိတ်ထဲမှာ မနေ့ တစ်နေ့က ကြုံခဲ့ရသလိုမျိုး ခံစားနေရတယ်။

ဩော်- ကြည့်စမ်း၊ အခုလည်းပဲ ငါ နောက် ထပ် ငရဲကို ကျဖို့အတွက် အကြောင်းတရားလို့ ဆိုရ မယ့် ဟောဒီမင်းနန်းအိမ်ကို ငါ ရောက်လာပြန်ပြီပေါ့။ ဒီအတိုင်း ဆိုလို့ရှိရင်တော့ ငါဟာ ရှင်ဘုရင် ဖြစ်ရ လိမ့်မယ်။ သားတော်ကလည်း ငါ တစ်ယောက်တည်း ရှိတာ။ ရှင်ဘုရင်ဖြစ်ရင်တော့ စောစောက ခမည်း

www.thitsarparamisociety.com


တော်ကြီး စီရင်တဲ့ အမှုမျိုးတွေလည်းပဲ မလွဲသာ မရှောင်သာ လုပ်ရလိမ့်မယ်။ ငါတော့ ဒုက္ခပဲ။ ငါ ရှင်ဘုရင် မဖြစ်အောင် လုပ်မှဖြစ်မယ်။

ဒါပေမယ့် ရှင်ဘုရင် မဖြစ်အောင် ဘယ်လို လုပ်ရမလဲဆိုတာလည်း သူ့မှာ အဖြေမရှိဘူး။ အဖြေ မရှိတဲ့အခါ သူ့ရဲ့စိတ်က ထွက်ပေါက် မရှိဘူးပေါ့။ ထွက်ပေါက်မရှိတဲ့အခါ ပိုပြီးတော့ ဆင်းရဲတယ်။ စိတ် အလွန်ညှိုးနွမ်းပြီးတော့ အကြီးအကျယ် ဆင်းရဲနေတဲ့ အခြေအနေ။

အဲဒါကို ထီးဖြူကိုစောင့်တဲ့ ထီးချက်စောင့် နတ်သမီးက သူ့ရဲ့မအေ တော်ခဲ့ဖူးတယ်လို့ ဆိုတယ်။ ဒီကလေးလေးကို အလွန် ချစ်တယ်။ သူ့ကို အရိပ် တကြည့်ကြည့် လုပ်နေတော့ ဘုရားလောင်းလေး ဆင်းရဲနေတာကို သိတဲ့အခါ ထီးဖြူစောင့် နတ်သမီးက မောင်ငယ် ဘာပြုလို့ စိတ်တွေ ညစ်နေတာလဲလို့ မေး တယ်။

## ရှင်ဘုရင် မဖြစ်ကြောင်း နည်းလမ်းကောင်း

မေးတဲ့အခါကျတော့ သူက ပြန်ပြောတယ်။ ပြန်ပြောတာက နှုတ်နှင့်ပြောတာ မဟုတ်ဘူး။ စိတ်

www.thitsarparamisociety.com


စိတ်ချင်း ပြောတဲ့သဘော။ ရှင်ဘုရင် လုပ်ရမှာ စိုးလို့ လို့. သူ ပြောပြတဲ့အခါ ရှင်ဘုရင် မလုပ်ချင်ရင် လွယ်ပါတယ်တဲ့။

သင် ရှင်ဘုရင် မဖြစ်ချင်ဘူးဆိုရင် (၁) မဆွံ့ သော်လည်း ဆွံ့သကဲ့သို့၊ (၂) မထိုင်းသော်လည်း ထိုင်းသကဲ့သို့၊ (၃) မအ-သော်လည်း အ-သကဲ့သို့။ ဘယ်နှချက်လဲ။ သုံးချက်။

အဆွံ့ကလေး၊ အထိုင်းကလေး၊ အ-အကလေး လို မင်း နေလိုက်တဲ့။ ဆွံ့, အ, နားထိုင်း၊ သုံးမရ တဲ့ပုဂ္ဂိုလ်ကို ဘယ်သူကမှ ရှင်ဘုရင် မြှောက်မှာ မဟုတ်ဘူး။ မင်း အဲဒါကိုသာ စွဲစွဲမြဲမြဲ ဆောက် တည်မယ်ဆိုလို့ရှိရင် မင်း ဖြစ်ချင်တဲ့ 'ရှင်ဘုရင် မဖြစ် ရေးဆိုတဲ့ဆန္ဒ' ဟာ ပြည့်ဝလိမ့်မယ်။

အဲသလို ပြောတဲ့အခါကျ ဘုရားအလောင်းက တစ်ချက်တည်း သဘောကျသွားတယ်။ အဖြေရသွား ပြီ။ သူ ရတဲ့အဖြေကြီးက လိုက်နာဖို့ ကျင့်သုံးဖို့က လွယ်ကူတဲ့ အနေအထားတစ်ခုတော့ မဟုတ်ဘူး။ ဒါ ပေမယ့်လို့ ရှင်ဘုရင်ဖြစ်ပြီးတော့ ငရဲကို ကျရတာနှင့် စာရင်တော့ အရမ်းလွယ်မယ်ဆိုတာကို သူ သဘော

www.thitsarparamisociety.com


ပေါက်ထားပြီးသား။

အဲဒီအချိန်ကစပြီးတော့ သူဟာ ဘယ်လိုနေလဲ ဆိုတော့ ထားရင် ထားတဲ့အတိုင်းလေးပဲ နေလိုက်တော့တယ်။ လက်ကို ဒီတိုင်းထားရင် မရွှေ့တော့ဘူး။ ခြေထောက်ကို ဒီတိုင်းထားရင်လည်း မရွှေ့တော့ဘူး။ ဒါ တော်တော် မလွယ်တဲ့ကိစ္စ။ ပါရမီကို ဖြည့်ဆည်းဖို့ဆိုတာ အရမ်း ခက်ခဲတယ်ဆိုတာကို စဉ်းစားမိဖို့ လိုတယ်နော်။

အဲဒီအချိန်က စပြီးတော့ သူ ဘာမှ လှုပ်ရှားမှု မရှိတော့ဘူး၊ ဟုတ်လား။ အဲဒါဘာဖြစ်လဲဆိုတော့ ထူးခြားတာက သူ့ကို မြူတဲ့အခါမှာ ပြုံးတာတွေ ရယ်တာတွေ အဲဒါတွေ မရှိတော့ဘူး။ အဲဒီလို အရွယ်ကလေးတွေက နို့ဆာပြီဆိုလို့ရှိရင်လည်း ဘာလုပ်ကြလဲ ငိုတာပေါ့။ ရေဆာပြီဆိုရင်လည်း ငိုတာပေါ့။ ဘုရားလောင်းလေးမှာ ငိုတယ်ဆိုတာ မရှိတော့ဘူး။ သူက အရုပ်ကလေး တစ်ရုပ်လို ဖြစ်သွားတာ။ သူ့ရဲ့ မျက်နှာပေါ်မှာ ခံစားချက်ကို သူ မပြတော့ဘူး။

သုံးလေးရက်လောက်နေတော့ သတိထားမိတာပေါ့။ ဒီကလေးက ငိုလည်း မငိုတော့ဘူး။ ပြုံးတာ

www.thitsarparamisociety.com


ရယ်တာလည်း မရှိတော့ဘူး။

အဲဒါနှင့် ငိုအောင် ဘယ်လို လုပ်မလဲဆိုတော့ အမတ်တွေကလည်း ပညာရှိတယ်။ ဘယ်လို လုပ်လဲ ဆိုတော့ နို့မတိုက်ဘဲနှင့် ထားလိုက်၊ မငိုဘဲ နေကို မနေဘူးပေါ့။ တကယ်ဆာရင် သူ ငိုကို ငိုလိမ့်မယ်။

## ဘုရားလောင်း အဓိဋ္ဌာန်ပါရမီဖြည့်ပုံ

သူ့ကို နို့မတိုက်ဘဲနှင့်ကို ပစ်ထားတာပေါ့။ အဲဒါ သူ့ရဲ့ ဗိုက်ထဲမှာ ဘာအစာမှ မရှိ၊ ဘာရေမှ မရှိဘူး ဆိုတော့ ခြောက်ကပ် ပူလောင်ပြီးတော့ မီးတောက် သလို ဖြစ်တယ်တဲ့။

ဒါပေမယ့် ဘုရားအလောင်းက ငိုဖို့တော့ မစဉ်း စားဘူး။ ဘာပြုလို့လဲဆိုတော့ သူ ဘယ်လိုအတွေးနှင့် သူ့ရဲ့အဓိဋ္ဌာန်ကို မယိုင်လဲအောင်, မတုန်လှုပ်အောင် ထိန်းသိမ်းထားလဲဆိုတော့ ငါ ငရဲကျတုန်းက ပူခဲ့တဲ့ အပူနှင့်စာရင် ဘာမှ မပြောပလောက်ဘူးဆိုတဲ့ အတွေး နဲ့ သူ ကျော်လွှားသွားတာ။ သူ တွေ့ကြုံခဲ့ရတဲ့ အဲဒီ အခြေအနေဆိုးကြီးနှင့် နှိုင်းယှဉ်ပြီးတော့ အဲဒီဆိုးရွား တဲ့ ကြီးမားတဲ့ဒုက္ခနှင့် နှိုင်းယှဉ်ပြီးတော့ သူ့ရဲ့အဓိဋ္ဌာန် ကို မပျက်စီးအောင် သူ အားထုတ်သွားတာ။

www.thitsarparamisociety.com


အဲဒါနှင့် မိဖုရားကြီးက မအေဆိုတော့ ဘယ်နေနိုင်မလဲ။ သူ့ဟာသူ မငိုလည်းဘဲ ဒီအချိန်ကျရင်တော့ ဆာမှာပဲ ဆိုပြီးတော့ နို့တိုက်ရတာပေါ့။ ဟုတ်လား။ အဲဒီလိုနှင့် အဲဒါ ၁-နှစ်သားအရွယ် ရောက်လာတယ် ဆိုကြပါစို့။ အဲဒါ ရံဖန်ရံခါ အဲဒီလို နို့ဖြတ်ဖြတ်ပြီးတော့ထားတာ၊ ငိုများ ငိုလေမလား ဆိုပြီးတော့ပေါ့၊ မငိုဘူး။

နှစ်နှစ်သား အရွယ်ကလေး ရောက်ပြီဆိုတော့ မုန့်ပျော့တာလေးတွေ ဘာလေးတွေ နည်းနည်းလေးစားတတ်တဲ့အရွယ် ရောက်ပြီ။ အဲဒီအရွယ်မှာ ဘာလုပ်ထားလဲဆိုတော့ မုန့်မကျွေးဘူး။ ဘာစားစရာမှ သူ့ကို မပေးဘူး။ အဲဒီလိုနည်းနှင့် သူ့မှာ ဘယ်လိုထူးခြားချက် ရှိမလဲဆိုတာကို စမ်းကြည့်တာ။ အဲဒါလည်း ဘုရားအလောင်းက တုန်လှုပ်မှု မရှိဘူး။ မုန့်နှင့် စမ်းသပ်တာ တစ်နှစ်လောက် ကြာတယ်။

သုံးနှစ်သား အရွယ်လေး ရောက်လာပြီ။ ဘာနှင့် စမ်းလဲဆိုတော့ သစ်သီးနှင့်စမ်းတယ်။ သူများတွေစားရင် သူ စားချင်တာပေါ့။ ကလေးတွေဆိုတော့ လက်ကလေး ဟိုဟာ လှမ်းဆွဲ ဒီဟာ လှမ်းဆွဲ မရှိ

www.thitsarparamisociety.com


ဘူးလား၊ ရှိတယ်။ ဒါပေမယ့် သူ့ အဲဒါမျိုးတွေ မရှိဘူး။

လေးနှစ်သားအရွယ်လေး ရောက်ပြီဆိုတော့ ကစားစရာလေးတွေမြင်ရင် ကစားချင်တော့တာလေ။ အဲဒီကစားစရာတွေကို သူ့ကို တစ်ခုမှ မပေးဘူး။

ငါးနှစ်သားအရွယ်ထဲ ဝင်လာပြီဆိုတော့ ထမင်းတို့ ဟင်းတို့ ဘောဇဉ်တို့ ဟုတ်လား၊ ဒါကို စားစပြုလာပြီလေ။ အဲဒီဟာကို မကျွေးဘဲနှင့် ထားတာ။ တစ်ခါတလေ တစ်ရက်လုံး မကျွေးဘဲနှင့် သူ့ကို ထားတာ။ ဒါပေမယ့် သူ့ တောင်းတယ်ဆိုတာ မရှိဘူး။ စကားပြောဖို့ နေနေသာသာ အမူအရာ ပျက်တာတောင် မရှိဘူး။

ခြောက်နှစ်သားလေး အရွယ်ရောက်ပြီဆိုတော့ ဘာလုပ်လဲဆိုတော့ ဒီမင်းသားလေးမှာ ဖွားဖက်တော် ငါးရာရှိတယ်။ သူနှင့်အတူတူ မွေးဖွားလာတဲ့ အထိန်းတော်တွေရဲ့၊ မှူးမတ်တွေရဲ့ သားလေးတွေ ငါးရာလောက်တောင် ရှိတယ်။ အဲဒါလေးတွေနှင့် ဝိုင်းပြီးတော့ ဆော့ခိုင်းတယ်။ အဲဒါ သူကတော့ ထား,ထားတဲ့ အတိုင်းလေးပဲ နေတာ။

www.thitsarparamisociety.com


အဲဒီလိုနဲ့ ခြောက်နှစ်သားအရွယ်မှာ ဘာလုပ်လဲဆိုတော့ တဲနန်းတစ်ခု ဆောက်ပြီးတော့ အဲဒီတဲထဲမှာ သူ့ကို ထားတာ။ ကလေးတွေကလည်း ဘာမသိညာမသိ ဆော့နေကြတာပေါ့။ အဲဒီတဲက ဘာနှင့်လုပ်ထားလဲဆိုတော့ ထန်းပလပ်ခြောက်တွေနှင့် မိုးထားတာ။ ထွက်ပြေးမယ်ဆိုရင်လည်း ထွက်ပြေးစရာအပေါက်တွေတော့ အများကြီး လုပ်ထားတယ်။ တစ်ခါတည်း စီမံထားတာပေါ့။

အဲဒီထန်းပလပ်ခြောက်တဲကြီးကို မီးတိုက်လိုက်တာ၊ နောက်ကနေ မသိမသာ။ အဲဒါမီးတွေ ဝုန်းဝုန်း ဝုန်း ဝုန်းနှင့် လောင်။ ကျန်တဲ့ကလေးတွေက အကုန်လုံး ထွက်ပြေးကြတယ်။ ဘုရားအလောင်းကတော့ ထား-ထားတဲ့အတိုင်းပဲ နေရတယ်။ မီးကလည်း အရမ်းပူတယ်။ ဟုတ်လား။ ဒါပေမယ့် သူလှုပ်တာမရှိဘူး။ အမူအရာပျက်တာ မရှိဘူး။ သူ့ကိုယ်သူ ထိန်းသိမ်းတယ်။ ဒါ လွယ်တဲ့ကိစ္စလား၊ မလွယ်ဘူး။

## အခွင့်အခါမပျက်အောင် အားထုတ်နည်း

အခွင့်အခါတရားကို မပျက်စီးအောင် သူ ဘာနှင့်

www.thitsarparamisociety.com



စောင့်စည်းလဲ။ သူ ဘာကို စဉ်းစား ဆင်ခြင်ပြီးတော့ စောင့်စည်းလဲဆိုရင် သူ ခံခဲ့ရတဲ့၊ သူ တွေ့ကြုံခဲ့ရတဲ့ အလွန်ဆိုးရွားတဲ့ ငရဲဒုက္ခကို စဉ်းစားပြီးတော့ သူ ကျော်လွှားတာ။ ဒါ ဒကာ ဒကာမတို့၊ ဦးဇင်းတို့ အရမ်းနည်းယူစရာကောင်းတဲ့ နည်းလမ်းလေးတစ်ခုပဲ။

ဆင်းရဲမှုဆိုတာ ဘဝမှာ ဩော်- ကိုယ်က ငရဲတွေ ဘာတွေ ကျခဲ့ဖူးသော်လည်းပဲ ငရဲဆိုတာ ကတော့ မမှတ်မိလို့ ထားပါတော့၊ ဒီလူ့ဘဝ ရတဲ့ အခါမှာကို ဆင်းရဲတာတွေ အများကြီး ကြုံခဲ့ဖူးတယ် မဟုတ်လား။ ဆင်းရဲဒုက္ခတွေ အများကြီး ရှိခဲ့ဖူးတယ်။ ဒါပေမယ့် ဆင်းရဲတုန်းပဲ ဆင်းရဲလိုက်တာလို့ တွေး တာ။ ပြီးသွားပြီဆိုရင် အဲဒါက မေ့သွားရော၊ ဟုတ် လား။ အမှတ်ကို မရှိဘူးလို့ ပြောရမလို ဖြစ်နေတယ်။

အခု ဘုရားအလောင်းက ဘာရှိလဲ။ အမှတ် ရှိတယ်။ ငါ ခံခဲ့ရတာ ဆိုတာကို သူ မှတ်မိတယ်။ အဲဒါနှင့် သူ နှိုင်းယှဉ်ပြီးတော့ စဉ်းစားတာ။

ခုနစ်နှစ်သားအရွယ်ရောက်ပြီဆိုတော့ ဘာနှင့် စမ်းလဲဆိုတော့ လိမ္မာအောင် သင်ထားတဲ့ ဆင်ကြီး နဲ့ စမ်းတာ။ သူ့ဆီကို နှာမောင်းထောင်ပြီး နင်းသတ်

www.thitsarparamisociety.com


မယ့် အနေအထားမျိုးနဲ့ အတင်းပြေးလာတာ။ ဒါပေမယ့် ဘုရားအလောင်းကတော့ တုန်လှုပ်မှု မရှိဘူး။

ရှစ်နှစ်သားအရွယ်ကျတော့ ဘာနှင့် စမ်းလဲဆိုတော့ မြွေနှင့် စမ်းတယ်။ အလွန် ကြောက်စရာကောင်းတဲ့မြွေ။ တကယ် ဆိုးရွားတဲ့ အနေအထားမျိုး ပါးပျဉ်းကြီးထောင်၊ သူ့ကို မျိုတော့မလိုမျိုး။ ဒါတွေ တွေ့လည်းပဲ သူ့ရဲ့စိတ်ထဲမှာ ငရဲဒုက္ခလောက်တော့ မဆိုးဘူးဆိုတဲ့ အတွေးတစ်ခုတည်းနှင့်ပဲ ကြံ့ကြံ့ခိုင်ကျည် ရပ်တည်နိုင်အောင် အားထုတ်တယ်။

ကိုးနှစ်သားအရွယ်ကျမှာတော့ သဘင်ပွဲလမ်း ပျော်ပွဲရွှင်ပွဲတွေနှင့် သူ့ကို စမ်းသပ်တယ်။ ဒီအရွယ်လေးတွေက စိတ်လှုပ်ရှားတဲ့အရွယ် ရောက်ပြီကိုး။ မျက်လှည့်အမျိုးမျိုး ပြတယ်။ သံလျက်ကြီးတွေ မျိုပြတယ်။ ကိုယ်တစ်ခြမ်း လှုပ်ပြတယ်။ အဲဒီလို အမျိုးမျိုး ထူးခြားဆန်းကြယ်တဲ့၊ အံ့ဩစရာကောင်းတဲ့ ပြကွင်း ပြကွက်တွေကို သူ့ကို ပြတယ်။ ဒါကိုလည်း သူ စိတ်ဝင်စားတဲ့ အမူအရာ မပြဘူး။

ဆယ်နှစ်သားအရွယ် ရောက်လာပြီဆိုတော့ ဘာနှင့်စမ်းလဲ။ အလွန် ကြောက်မက်ဖွယ်ရာ ကြမ်း

www.thitsarparamisociety.com



တမ်းတဲ့ ရုပ်ရည်ရှိတဲ့သူတစ်ယောက်ကို သံလျက်ဓား ပေးပြီးတော့ ဒီကလေးတွေကို သတ်မယ်ဆိုတဲ့အနေ မျိုးနှင့် ခြိမ်းခြောက်ခိုင်းတာပေါ့။ အပြင်ဘက်မှာ အကုန် တီးလုံးတိုက်ပြီးတော့ သူ့အနေနှင့်တော့ တကယ် ထင်အောင် လုပ်ရတာပေါ့။ ဒါပေမယ့် အဲဒီ လိုလူ ပြေးလာလည်းပဲ သူကတော့ တုန်လှုပ် ချောက် ချားမှု မရှိဘူး။

ဆယ့်တစ်နှစ်သားအရွယ် ရောက်တဲ့အခါမှာ ဘာနှင့်စမ်းသပ်လဲဆိုတော့ သူ့ရဲ့ကုတင်အောက်မှာ ခရ သင်းမှုတ်တဲ့သူတွေ အများကြီး နေရာယူထားတယ်။ သူ မသိဘူး။ အကုန်လုံး ကန့်လန့်ကာတွေနှင့် ကာထား တယ်။ ပြီးတော့ အပြင်ဘက်က နေပြီးတော့ ချောင်း ကြည့်စရာ အပေါက်ကလေးတွေလည်း လုပ်ထား တယ်။ သူ လှုပ်သလားဆိုတာကို ကြည့်ဖို့ပေါ့။

အချက်ပေးလိုက်တာနှင့် အောက်က ခရသင်း တွေကို တစ်ပြိုင်နက်တည်း မှုတ်လိုက်တာ၊ မြေပြို သလိုမျိုးပေါ့။ ဆူညံ ပွက်လောရိုက်သွားတယ်။ ရုတ် တရက် ဒီအသံကြီး ထွက်လာတာ၊ လန့်သွားတဲ့ အမူ အရာများ ပေါ်မလားလို့ ကြည့်တာ။ ဘယ်လောက်

www.thitsarparamisociety.com


သတိကောင်းလဲဆိုတော့ အဲဒီအသံကြီး ပေါ်လာတာ လည်း သူ့မှာ လန့်သွားတယ်ဆိုတဲ့ အမူအရာ မပြဘဲ နေနိုင်တယ်။ အံ့ဩစရာတော့ မကောင်းဘူးလား။ ဒါ တော်တော် မလွယ်တဲ့ကိစ္စ။

နောက်နှစ်ကျတော့ ဘာနှင့်စမ်းလဲဆိုတော့ စည် ကြီးသံနှင့် စမ်းသပ်ကြည့်မယ်။ စည်ကြီးသံကလည်း ချောက်ချားစရာ ကောင်းတယ်။ အဲဒါ စည်တီးတဲ့သူ တွေ သူ့ရဲ့အောက်မှာ နေရာယူပြီးတော့ တစ်ပြိုက် နက်တည်း အချက်ပြပြီးတော့ တီးတယ်။ ချောင်း ကြည့်တယ်။ ဘာအမူအရာများ ပျက်မလဲ၊ ဘာများ လှုပ်သလဲ။ လှုပ်တယ်ဆိုရင် လှုပ်တာကို သက်သေ ပြပြီးတော့ မင်းဟာ အဆွံ့၊ အ,အ မဟုတ်ဘူး။ ဟန် ဆောင်နေတာလို့ သူ့ကို အထောက်အထားပြလို့ ရ အောင်လို့။ ဒါလည်း သူ မလှုပ်ဘူး။

တစ်ဆယ့်သုံးနှစ်သား အရွယ်ရောက်တဲ့အခါ မှာ စမ်းသပ်တဲ့နည်းလေးကလည်း တစ်မျိုးပဲ။ ဆီမီး တွေ ညမှာ အကုန်လုံး ထွန်းထားတယ်။ ဒါပေမယ့် အဲဒါတွေ အကုန်လုံးကို အိုးထဲ ထည့်ထားတယ်။ အိုးထဲထည့်ပြီးတော့ အုပ်ထားတဲ့အခါ အလင်းရောင်

www.thitsarparamisociety.com


က ဘယ်မှာမှ မရှိဘူး။ အဲဒါတွေ အများကြီး ထွန်းထားတယ်။ အဲဒါ အိပ်တော့မယ်ဆိုတော့ အဲဒီ မှောင်မည်းနေတဲ့ အချိန်မှာပဲ တစ်ပြိုင်နက်တည်း အကုန်လုံးအိုးတွေကို ဖွင့်လိုက်တယ်။ အကုန်လုံး လင်းထိန်သွားတယ်။ အဲဒီ အလင်းရောင်ကြီးကို တွေ့လည်းသူ ဘာမှ မဖြစ်ဘူး။ အလင်းရောင်က ရုတ်တရက်ပေါ်လာတာကို လူက လှုပ်မသွားအောင်၊ စိတ်လှုပ်မသွားအောင် လုပ်ဖို့ဆိုတာ မလွယ်ဘူး။ ဒါလည်းသူ နေနိုင်တယ်။

တစ်ဆယ့်လေးနှစ်သား အရွယ်ရောက်တော့ တင်လဲနှင့် စမ်းသပ်တယ်။ အဲဒါကတော့ တော်တော်ကြောက်စရာ ကောင်းတယ်။ တင်လဲနှင့် စမ်းတယ်ဆိုတာက တစ်ကိုယ်လုံးကို တင်လဲရည်တွေ သုတ်ထားတာ။ တင်လဲနှင့် သုတ်ထားတဲ့အခါ ပုရွက်ဆိတ်တွေက တက်ကိုက်မယ်။ ခြင်တွေက လာထိုးကြမယ်။ အဲဒါကို သည်းခံဖို့ ဆိုတာက တော်တော့်ကိုမလွယ်တဲ့ကိစ္စ။ အဲဒါလည်း သူ မလှုပ်ဘူး။

အဲဒါနှင့် နောက်နှစ်ကျတော့ ဘာနှင့် စမ်းသပ်လဲဆိုတော့ လှချင်ပချင်တဲ့အရွယ်လေး ရောက်လာပြီ။

www.thitsarparamisociety.com


တစ်ဆယ့်ငါးနှစ်သားလေး ရောက်လာပြီ။ အဲဒါ ပြော ရတာသာ မြန်တာကိုးဗျ။ ဟုတ်လား။ တဖြည်းဖြည်း နှင့် ကျော်ဖြတ်နေရတာ။ တစ်ဆယ့်ငါးနှစ်သားလေး ရောက်လာပြီဆိုတော့ သူ့ကို ဘာလုပ်လဲဆိုတော့ ကျောင်းကြီးကျောင်းငယ်တွေ သုတ်သင်မပေးတော့ဘူး။ အမြဲတမ်း သူ့ကို ကျောင်းကြီးအိမ်၊ ကျောင်းငယ်အိမ်ပို့၊ လူတွေက အဲသလိုပဲ သုတ်သင်ပေးကြရတာကိုး။ မင်းသားလေးကိုး။ ဒါပေမယ့် အဲဒီအချိန်မှာ သူ့ကို သုတ်သင်ပေးတာ မရှိတော့ဘူး။ မရှိတော့ သူ့အဝတ် ထဲပဲ သူ ထွက်၊ ကျောင်းကြီး ကျောင်းငယ်စွန့်လည်း ဒီထဲပဲ စွန့်။ ဘယ်သူကမှ သုတ်သင်ပေးတာလည်း မရှိဘူး။ ရေချိုးပေးတာလည်း မရှိဘူး။ မျက်နှာလည်း သစ် မပေးတော့ဘူး။ ထမင်းပဲ ကျွေးတယ်။ ဒီတော့ ဒီ အတိုင်းချည်းပဲ အဲဒါတွေက ဘာလဲဆိုတော့ ယင် တလောင်းလောင်းနှင့် တစ်ခါတည်း လောက်တွေ လည်း ကျပြီးတော့ အနံ့တွေက ဟောင်နေတာပဲ။ ဘယ်သူမှ သူ့နားကို မကပ်နိုင်ဘူး၊ အဲဒီတော့ သူ အဲဒါကို အရမ်း သည်းခံရတယ်။ လှုပ်လို့ မရဘူး။

ဒီလိုနဲ့ တစ်ဆယ့်ခြောက်နှစ်သားအရွယ် ရောက်

www.thitsarparamisociety.com


ပြီ။ ဘာနှင့်စမ်းသပ်ပြန်လဲဆိုတော့ သူ့ကို မီးအိုးကင်းနှင့် ကင်တယ်။ သူ့ရဲ့ ကုတင်အောက် ပတ်ပတ်လည်မှာ မီးမယ်ဖျူးတွေကို အကုန်ချထားတာ။

သူ့ရဲ့ခန္ဓာကိုယ် အရေပြားတွေက အကုန်လုံး အဖုတွေ ပေါက်လာတယ်။ အရည်ကြည်ဖုတွေ ပေါက်လာတယ်။ အကုန်လုံး အဲဒါတွေက ပြည်တစိုစို သွေးတရွှဲရွှဲနှင့် အကုန်လုံး သူ အကြီးအကျယ် ခံစားရတယ်။ ဒါပေမယ့် အဲဒါကို သူ မလှုပ်ဘူး။

မအေဖြစ်တဲ့ပုဂ္ဂိုလ်၊ ဖအေဖြစ်တဲ့ပုဂ္ဂိုလ်က ဘယ်လို ခံစားရမလဲ။ ဘယ်သူမှ မရှိတဲ့အချိန်မှာ အဲဒီမင်း,မိဖုရား နှစ်ယောက်က အမြဲတမ်း သူ့ကို လာပြီးတော့ ချော့ကြတယ်။ မအေကြီးကတော့ အမြဲတမ်း မျက်ရည်နှင့် မျက်ခွက်ပေါ့။ ဘယ်လို အကြောင်းကြောင့် မင်း ဒီလိုကြီး လုပ်နေတာလဲ။ သားရဲ့ တင့်တယ်မှုတွေ ရှိတယ်ဆိုတာ အကုန်လုံး သိပါလျက်ကယ်နှင့် ဒီအတိုင်းကြီး ဖြစ်နေတာ ဘယ်လိုမှ နားလည်လို့ မရဘူး။ အမျိုးမျိုး ဖျောင်းဖျတယ်၊ နားချတယ်။

အဲဒါက ပိုပြီးတော့ ကျော်လွှားရခက်မယ်လို့

www.thitsarparamisociety.com


ထင်ပါတယ်။ အမေ အဖေ သူ့ရဲ့ရှေ့မှာ မျက်ရည်စက်လက်နှင့် သူ့ကို လာပြောပြနေတာကြီးကို သူ မတုန်လှုပ်အောင် နေတယ်။ ဆယ့်ခြောက်နှစ်သား အရွယ်မှာ အဲဒီလို ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ဖုအပေါက် ခံရပြီးတော့ သူ အကြာကြီး နေရတယ်။ တုန်လှုပ်မှု မရှိဘူး။

## ဖြတ်ကျော်ရအခက်ဆုံး စမ်းသပ်ချက်

တစ်ဆယ့်ခုနစ်နှစ်သားအရွယ် ရောက်လာပြီ၊ ဆယ့်ခြောက်နှစ် ကျော်လာပြီဆိုတဲ့ အချိန်ကျတော့ မှူးကြီးမတ်ရာ သေနာပတိတွေက သူ့ကို ဘာနှင့် စမ်းသပ်ဖို့ အကြံပေးလဲဆိုတော့ အမျိုးသမီးတွေနှင့် စမ်းသပ်ဖို့ အကြံပေးတယ်။

ဘုရင်ကြီးကလည်းပဲ အလွန်ချောတဲ့ လှတဲ့ လိမ္မာကျွမ်းကျင်မှုရှိတဲ့ အမျိုးသမီးလေးတွေကို ငါ့ရဲ့ သားတော်ကိုသာ နင်တို့ရဲ့အလိုကို ပါအောင် လုပ်နိုင်မယ်ဆိုလို့ရှိရင် သူ ရှင်ဘုရင်ဖြစ်ရင် မိဖုရား မြှောက်ပေးမယ်။ ဒီအတိုင်း ပြောတာ။ ကျန်တဲ့အဖော်တွေ ဘာမှ မရှိစေဘဲနှင့် အဲဒီအတိုင်း လွှတ်ပေးတာ။

ဘုရားအလောင်းက စဉ်းစားပြီ၊ အဲဒီအချက်

www.thitsarparamisociety.com


ကို ဘယ်လိုစဉ်းစားလဲဆိုတော့ ဒီစမ်းသပ်ချက်ကို သာ ငါ ကျိုးပေါက်သွားခဲ့မယ်ဆိုရင် ငါ့လောက် ရှက်စရာကောင်းတဲ့လူ မရှိတော့ဘူး။ သူက အဲဒီလို စဉ်းစားတယ်။

သူ စဉ်းစားတဲ့နေရာမှာ ဦးဇင်း သဘောကျ တာလေးတစ်ခုက အများအတွက် ထည့်ပြီးတော့ စဉ်းစားတဲ့အချက် ပါတယ်။ ဘယ်လို စဉ်းစားလဲ ဆိုတော့ 'ငါကသာ ဒီလို အမျိုးသမီးကိစ္စနှင့် ငါ တုန်လှုပ် ဖောက်ပြန်သွားမယ် ဆိုလို့ရှိရင်၊ ငါ့ရဲ့ အဓိဋ္ဌာန်ပါရမီကြီး ကျိုးပေါက်သွားမယ် ဆိုလို့ရှိရင် ကျန်တဲ့လူတွေ အကုန်လုံးက သြော်-လူတွေဟာ ဒီပြင်ကိစ္စနှင့် ပတ်သက်ရင်သာ ရတာပါ။ ဒီကိစ္စနှင့် ပတ်သက်လာရင် ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူးကွာ ဆိုပြီးတော့ ငါ့ကို သက်သေအရာမှာ ထားပြီးတော့ နောက်လူတွေ ဦးကျိုးသွားလိမ့်မယ်' တဲ့။ သူတို့ ရ အောင် လုပ်ကြတော့မှာ မဟုတ်တော့ဘူးပေါ့။ အဲဒါကို သူ စဉ်းစားတာ။

သူ့ကို သက်သေပြုပြီးတော့ 'ဒီကိစ္စကတော့ ဘယ်သူမှ မရပါဘူးကွာ' လို့ ဒီလိုကြီး သူ အပြော

www.thitsarparamisociety.com


မခံနိုင်ဘူး။ တကယ်လို့သာ ဒီကိစ္စကို ငါ ရအောင် လုပ်နိုင်မယ်ဆိုလို့ရှိရင် ဘြော် ဒါလည်းပဲ မရနိုင် လောက်အောင် ခက်တဲ့ကိစ္စ မဟုတ်ဘူးလို့ ကျန်တဲ့ လူတွေမှာ ယုံကြည်မှု ရှိလာနိုင်တယ်။ အဲဒီတော့ ကျန် တဲ့လူတွေမှာ အများကြီး ဒီကိစ္စမှာ အောင်မြင်အောင် သူတို့အတွက် အထောက်အကူ ဖြစ်နိုင်တယ်ပေါ့။ ဒါ့ကြောင့် ဒီကိစ္စကို ငါ မရ,ရအောင် လုပ်မယ်လို့ အဲဒါကိုတော့ သူ အကြီးအကျယ် အများကြီး အား ပေးပြီးတော့ ကြိုးစားတယ်။

ဒီစမ်းသပ်ချက်က သူ့အတွက် အခက်ခဲဆုံးပဲ။ အဲဒါ အမျိုးသမီးတွေ ကပ်လာပြီဆိုတော့ သူ ဘာ လုပ်လဲဆိုတော့ သူ အမိဋ္ဌာန်မှု ပြုရသေးတယ်။ ဘယ်လို အမိဋ္ဌာန်လဲဆိုတော့ အသက်ကို လုံးဝ မရှူဘူး။ မရှူဘဲနှင့် ငါ့ကို လာထိတဲ့ အမျိုးသမီးတွေ ဟာ နူးညံ့တဲ့ အတွေ့အထိကို မရပါစေသတည်းလို့ ဒီလို အမိဋ္ဌာန်တယ်။ အဲဒီတော့ သူ့ကိုလည်း ထိမိ လိုက်ရော လူသေကောင်ကို ထိရသလိုမျိုး အေးစက် စက် ကြမ်းတမ်းတမ်းဆိုတော့ အကုန်လုံး ကြောက် သွားတာ။ သူ့ရဲ့ပုံစံကလည်းပဲ အရမ်းတင်းနေမယ့်

www.thitsarparamisociety.com


သဘောရှိတယ်။ အဲဒါနှင့် အကုန် ထွက်ပြေးတာ။ မရဘူး။ အဲဒီကိစ္စကိုလည်း သူ အောင်နိုင်မှု ရတယ်။

အဲဒါကို တစ်ကြိမ်တည်း စမ်းသပ်တာ မဟုတ်ဘူး။ အချိန်အခါအားလျော်စွာ အဲဒီတစ်နှစ်လုံး သူ့ကို အဲသလိုမျိုး စမ်းသပ်တာ။

ဒီစမ်းသပ်ချက်ကို သူ အောင်မြင်မှု ရတဲ့အခါ ကျတော့ မှူးကြီးမတ်ရာ သေနာပတိတွေအနေနှင့် အကြံကုန်သွားပြီ။ ဘယ်လိုမှ လုပ်လို့ မရတော့ဘူး။ လသားလေးကတည်းက စပြီးတော့ သူတို့မှာ စမ်းသပ်ခဲ့ရတာ။ သူတို့ဘက်က ကြည့်ရင်လည်းပဲ ဘယ်လိုမှ သည်းမခံနိုင်စရာ အနေအထားကို ရောက်လာတယ်။

## တေမိမင်းသားကို တိုင်းပြည်မှ နှင်ထုတ်ခြင်း

မင်းကြီးက ဘယ်လိုမှ မရတဲ့အခါ မှူးကြီးမတ်ရာ သေနာပတိတွေကို တိုင်ပင်တဲ့အခါ ပညာရှိအမတ်တွေက ဘယ်လို ပြောလဲဆိုတော့ မင်းကြီး ဒီလောက် ကျက်သရေမင်္ဂလာ မရှိတဲ့လူကို တကယ်လို့သာ မင်းကြီးတိုင်းပြည်မှာ ဆက်ပြီးတော့ ထားနေဦးမယ် ဆိုလို့ရှိရင် မင်းကြီးသော်လည်းကောင်း၊ မိဖုရား

www.thitsarparamisociety.com


ကြီးသော်လည်းကောင်း၊ ထီးနန်းစည်းစိမ်ကိုသော်လည်းကောင်း တစ်မျိုးမျိုးမှာ အန္တရာယ် အကြီးအကျယ် ရောက်နိုင်တယ်။ မင်းသားကို တိုင်းပြည်ရဲ့ အပြင်ဘက်ကို ထုတ်ပြီးတော့ မြေမြှုပ်ပြီးတော့သာ သတ်ပစ်လိုက်ပါတော့လို့ လျှောက်တင်ကြတယ်။

ခမည်းတော်ကြီးရဲ့ စိတ်ထဲမှာလည်းပဲ အလွန်ဆင်းရဲနေမယ်လို့ ဆိုနိုင်တာပေါ့။ မွေးဖွားလာခါစက အလွန်တရာမှ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း။ ဒီလို အနေအထားကြီး ဖြစ်သွားတာဆိုတော့ သူ့ရဲ့ စိတ်ထဲမှာ ဒေါသတွေလည်း အများကြီး ဖြစ်နိုင်တယ်။ အဲဒီတော့ မထူးပါဘူး ဆိုတဲ့အမြင် ရောက်သွားတဲ့ အခါမှာ အဲဒါကို သူ လက်ခံလိုက်တယ်။ လက်မခံနိုင်တာက ဘယ်သူလဲဆိုတော့ အမေဖြစ်တဲ့သူက ဘယ်လိုမှ လက်မခံနိုင်ဘူး။

လက်မခံနိုင်တဲ့အခါ သူ့ရဲ့ဘုရင်ကြီးကို ဘာပြောလဲဆိုတော့ မင်းကြီး··· ကျွန်တော်မျိုးမရဲ့ သားကို ထီးနန်းစည်းစိမ်ကို ပေးပါ။ ဟာ··· မင်းရဲ့သား အဆွံ့၊ အ-အ၊ အထိုင်းကို ငါ ဘယ်လိုလုပ် ထီးနန်းစည်းစိမ် ပေးရမလဲဆိုတော့ ထီးနန်းစည်းစိမ်ကို မရ

www.thitsarparamisociety.com


သေးလို့သာ ဟန်ဆောင်နေတာ နေမှာပါ။ ထီးနန်းစည်းစိမ်ကို ရရင် သူ ပြောကောင်း ပြောနိုင်ပါတယ်။ မအေဆိုတော့ ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး။ အဲဒါနှင့် ဘယ်နှနှစ် ပေးရမှာလဲဆိုတော့ ခုနစ်နှစ် တောင်းတာ။ တဖြည်းဖြည်းနှင့် လျှော့လျှော့ လျှော့လျှော့လာတော့ ခုနစ်ရက်ပဲ ရတယ်။ အဲဒါနဲ့ သူ့ကို ခုနစ်ရက် ထီးနန်းစည်းစိမ် ပေးသေးတယ်။

အဲဒီအတွင်းမှာလည်း မယ်တော်ကြီးက ဘာလုပ်လဲဆိုတော့ သူ့ကို ဖျောင်းဖျနားချဖို့ အချိန်ရတာပေါ့။ အဲဒါ ခုနစ်ရက်လုံးလုံး ငိုယိုပြီး အအိပ်ပျက် အစားပျက်နှင့် သားရဲ့အနား သွားပြီးတော့ပဲ သူ အမြဲတမ်း နားချတယ်။ ဒါပေမယ့် မရဘူး။

ခုနစ်ရက်မြောက်တဲ့ အခါကျတော့ သုနန္ဒ ရထားထိန်းလက်ကို အပ်လိုက်တယ်။ သူ့ကို မင်္ဂလာမရှိတဲ့ ရထားပေါ်တင်၊ မင်္ဂလာမရှိတဲ့ တံခါးကနေ ထုတ်ပြီးတော့ မြေမြှုပ်ပြီးတော့ သတ်ရမယ်ပေါ့။ ဒါပေမယ့် သူ့ရဲ့ဘုန်းကံ ရှိတဲ့အတွက်ကြောင့် မင်္ဂလာရှိတဲ့ ရထားပေါ်မှာပဲ တင်, မင်္ဂလာရှိတဲ့ တံခါးပေါက်ကနေပဲ ထွက်ချသွားတာ အံ့သြစရာပါပဲ။

www.thitsarparamisociety.com


သူ့ကို အဲဒီလိုလည်း သယ်သွားရော မယ်တော်ကြီးက တစ်ခါတည်း သတိမေ့ပြီးတော့ လဲသွားရော။ အဲဒီအချိန်မှာ သူ အထိခိုက်ဆုံးပဲ။ ကျန်တာတွေကို ဒါနှင့်စာရင် သူ လွယ်လွယ်ကူကူ ဖြတ်သန်းနိုင်တယ်လို့ ဆိုရမယ်။ သို့သော် မအေကြီး လဲသွားတာလည်း မြင်ရော ငါ စကားပြောလိုက်တော့မှနှင့် တူတယ်လို့ သူ စဉ်းစားတယ်တဲ့၊ ဟုတ်လား။

အဲဒီလို စဉ်းစားပြီးမှ ပြန်ပြီး ဉာဏ်နှင့် ဘယ်လို ထိန်းလဲဆိုတော့ အမေက သေသွားနိုင်သလားလို့ သူ စဉ်းစားတယ်။ သေမသွားနိုင်ဘူးဆိုတာ သူ သိတယ်။ သိတဲ့အခါကျတော့ ငါ တကယ်လို့ အမေ သေမှာ စိုးလို့ လျှော့လိုက်မယ် ဆိုလို့ရှိရင် ငါ့ရဲ့ရည်ရွယ်ချက်တွေလည်း အပြီးအပိုင် ရောက်ခါနီးမှ ဖျက်ဆီးသလို ဖြစ်သွားမယ်။ သူက သူ့ကို တိုင်းပြည်ကနေ နှင်ထုတ်တဲ့ အနေအထားတစ်ခုကို သူက ရချင်တာ။

သူ့ကို မြေမြှုပ်သတ်ဖို့ နန်းတော်အပြင်ဘက် ရောက်သွားပြီဆိုတာနှင့် သူ့ရဲ့အကြံက အောင်မြင်သွားပြီ။ သူ ရှင်ဘုရင်လုပ်ဖို့ မလိုတော့ဘူးပေါ့။ အဲဒီတော့ မအေကို သူက ငဲ့ပြီးတော့ စကားပြောလိုက်

www.thitsarparamisociety.com


မယ်ဆိုရင် သူ့ရည်ရွယ်ချက်လည်း အထမမြောက်တော့ဘူး။

ဘုရားအလောင်းက ဒီတိုင်းပဲ လျစ်လျူရှုပြီးတော့ သုန္ဒရထားထိန်း ခေါ်တဲ့နောက်ကို လိုက်သွားတယ်။ ဟိုရောက်တဲ့အခါကျတော့ ရထားထိန်းက သူ့ကို မြှုပ်ဖို့ မြေကြီး တူးတယ်။

## တေမိမင်းသား အဓိဋ္ဌာန်ပြည့်ပြီ

မြေကြီးတူးနေစဉ်မှာပဲ သူက ရထားပေါ်ကနေ ထလာတယ်။ အဲဒါ သူ့ရဲ့ ပထမဦးဆုံး ထခြင်းပေါ့။ ရထားထိန်းက အောက်ကို ငုံ့ပြီးတော့ မြေကြီးတွင်းထဲမှာ တူးနေတာ၊ အဲဒါ တွင်းနှုတ်ခမ်းကနေ ရပ်ပြီးတော့ ဘယ်သူ့အတွက် တူးနေတာလဲလို့ သူ သွားမေးတယ်။

ဒီအသံလည်း ဟိုက မကြားဖူးဘူးလေ။ မော့တောင် မကြည့်ဘူး။ သြော် အ,အ၊ အဆွံ့,အထိုင်းလေးတစ်ယောက် ရှိတယ်။ ဘုရင်ကြီးရဲ့သား၊ အဲဒါအတွက် တူးနေတာ။ အဲဒါကို မြှုပ်မလို့ဆိုတော့ ဘုရင်ကြီးဆိုတာ မင်းရဲ့ကျေးဇူးရှင် မဟုတ်လား။ မေးတယ်။ ဟုတ်တယ်တဲ့။ တို့ရဲ့ ကျေးဇူးရှင်ပဲ။

www.thitsarparamisociety.com


ကိုယ့်ကျေးဇူးရှင်ရဲ့သားကို သတ်မယ်ဆိုတော့ မင်းက အလွန် ကျေးဇူးကန်းတဲ့လူပဲလို့ ပြောတယ်။

အဲဒီကျမှ လန့်ပြီးတော့ မော့ကြည့်တယ်။ မော့ကြည့်တော့လည်းပဲ ဒါ သူ့ရဲ့ အရှင်သခင့်သားလို့ မသိဘူး။ အဆွဲ့, အ,အလေး ရထားထဲမှာ ဒီအတိုင်းပဲ ရှိနေမယ်လို့ ထင်နေတာ။ အဲဒါနှင့် စကားတွေ အချီအချ ပြောပြီးတော့ တရားတွေကို အများကြီး ဟောတာ။ နောက်ဆုံးတော့ သုနန္ဒက သိသွားတယ်။

သိသွားတဲ့အခါကျတော့ အရမ်း အံ့သြပြီးတော့ မေးတယ်။ ဘယ့်နှယ်ကြောင့် ဒါမျိုး ဖြစ်ရပါလိမ့်ပေါ့။ အဲဒီမှာ ဘုရားလောင်းက အသေးစိတ် ရှင်းပြတယ်။ သုနန္ဒကလည်း အဲသလိုဆိုရင် အရှင့်သားဟာ အလွန်မှ မြင့်မြတ်ပါပေတယ်။ အရှင့်သား ရသေ့ဝတ်ပြီဆိုရင် ကျွန်တော်မျိုးကြီးလည်း ရသေ့ဝတ်ပါရစေတော့။

ဘုရားအလောင်းက အဝတ် မခံဘူး။ သင် ပြန်ပါ။ ပြန်ပြီးတော့ ငါ့ဖခမည်းတော်နှင့် မယ်တော်တို့ကို အကျိုးအကြောင်း ပြောပြချေဆိုတော့မှ သူလည်း ဝမ်းမြောက်ဝမ်းသာ ပြန်တယ်။

www.thitsarparamisociety.com


## တေမိမင်းသား ရသေ့ဝတ်ခြင်း

အတိုချုပ် ပြောကြပါစို့။ နောက်တော့ ရသေ့ဝတ်သွားတဲ့ ဘုရားအလောင်းတော်ဆီကို မိဘတွေလိုက်သွားကြတယ်။ ဖခမည်းတော်နှင့် မယ်တော်ကြီးနှင့် ခေါင်းဆောင်တဲ့ တိုင်းပြည်မှာရှိတဲ့ အထက်ပိုင်းကလူတွေ အကုန်လုံး သိုက်သိုက်ဝန်းဝန်းကြီးနှင့် ရောက်သွားကြတာ။

ရောက်သွားကြတဲ့အခါ ခမည်းတော် ရှင်ဘုရင်ကြီးက သူ့ကို ဘာပြောလဲဆိုတော့ တေမိယရသေ့ကို သူ့ရဲ့သားကို 'သင်ဟာ တောထဲမှာ တစ်ယောက်တည်းနေနေတာ၊ ပြီးတော့ စားတာကလည်းပဲ ဒီကဲပြင်းရွက်ပြုတ်ပဲ စားတာ။ ဒါပေမယ့် သင့်ကို ကြည့်ရတာ အလွန်မှ ကြည်လင် တောက်ပနေတယ်တဲ့။ ကြည့်ရတာ အလွန်မှ ကောင်းတယ်ပေါ့။

အဘယ့်ကြောင့် သင့်ရဲ့ အရေအဆင်းတွေက ကြည်လင်တောက်ပ နေတာလဲလို့ မေးတာ။ မေးတဲ့အခါကျတော့ ဘုရားအလောင်းက ဘာပြန်ပြောလဲဆိုတော့ 'မင်းကြီးတဲ့၊ အဲသလို မြက်ခင်းလေးပေါ်မှာ တစ်ယောက်တည်း နေနေရတာကြောင့်ကိုပဲ အရေ

www.thitsarparamisociety.com


အခဆင်းက ကြည်လင်နေတာတဲ့။ တစ်ချက် သူ ပြော တယ်။

ပြီးတော့ ဘာအစောင့်အကြပ်မှ မရှိဘဲနှင့် ဘာ စိုးရိမ် ထိတ်လန့်မှုမှ မရှိဘဲနှင့် အစောင့်တွေ အကြပ် တွေနှင့် ထိန်းထိန်းသိမ်းသိမ်း နေနေရတဲ့ အနေအထား မျိုး မဟုတ်တဲ့အတွက်ကြောင့်ကိုပဲ မျက်နှာအရေ အခဆင်းက ကြည်လင်နေတာတဲ့။ ဒီနှစ်ချက်က သူ့ရဲ့ လက်တွေ့ဘဝ အနေအထားလေးပေါ့။

## ချမ်းသာစွာနေနည်း

နောက်တစ်ချက် သူ ပြောတာလေးက ပို စိတ်ဝင်စားစရာ ကောင်းတယ်။ ဘာလို့ သူ့ရဲ့ ရုပ်ရည် အခဆင်း ကြည်လင်နေတာလဲဆိုတော့-

**အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိနာဂတံ။**
**ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။**

**အတီတံ နာနုသောစာမိ**- အတိတ်နှင့် ပတ် သက်ပြီးတော့ သူ စိုးရိမ်နေတာ မရှိဘူး။ ဖြစ်ခဲ့တာ တွေနှင့် ပတ်သက်ပြီးတော့ ဘာမှ စိတ်ထဲမှာ တွေး တောပြီးတော့ စိတ် မချမ်းမသာ မကြည်မလင် ဖြစ်

www.thitsarparamisociety.com


နေတာ မရှိဘူး။ အတိတ်ဆိုတာ ပြီးခဲ့ပြီ။ ဘာမှ မရှိတော့ဘူးဆိုတာ သူ သဘောပေါက်တယ်။

**နပ္ပဇပ္ပါမိနာဂတံ**- အနာဂတ်နှင့် ပတ်သက်ပြီးတော့လည်း ဘာ ဖြစ်ချင်လိုက်တာ, ဘာ ရချင်လိုက်တာ, ဘယ်လိုလေးမှဆိုတဲ့ တောင့်တမှု တစ်ခုမှ မရှိဘူး။

အတိတ်နှင့် ပတ်သက်ပြီးတော့ စိတ်ထဲမှာ ပူလောင်စိုးရိမ်တာ မရှိဘူး။ အနာဂတ်နှင့် ပတ်သက်ပြီးတော့ တောင့်တတာ မရှိဘူး။ ဒီလိုဆိုရင် ပစ္စုပ္ပန်မှာကော ဘယ်လိုနေလဲ။

**ပစ္စုပ္ပန္နေန ယာပေမိ**-တဲ့။ အခုဖြစ်နေတဲ့ အနေအထားလေးနှင့် သူက မျှတတယ်တဲ့။ မျှတတယ်ဆိုတာ ဘာပြောတာလဲ။ အဆင်ပြေတယ်လို့ ပြောတာ။ ကျေနပ်တယ်လို့ ပြောတာ၊ ဟုတ်တယ် မဟုတ်လား။ အခု ဖြစ်နေတာလေးကို ဘာလဲ။ အဆင်ပြေတယ်၊ ကျေနပ်တယ်တဲ့။

များသောအားဖြင့် စိတ်ဆင်းရဲတယ်ဆိုတာ အခုဖြစ်နေတာလေးကို အဆင်မပြေလို့ပဲလေ။ အခုဖြစ်နေတာ ဘာကြောင့် အဆင်မပြေတာလဲလို့ မေးရင်

www.thitsarparamisociety.com


များသောအားဖြင့် အတိတ်ကို ပြန်တာရှိမယ်။ အနာဂတ်ကို ကြံတာ ရှိမယ်ပေါ့။ သူ့မှာ အဲသလို မရှိဘူး။ အတိတ်နှင့် ပတ်သက်ပြီးတော့ တွေးပူတာလည်း မရှိဘူး။ အနာဂတ်နှင့် ပတ်သက်ပြီးတော့ တောင့်တနေတာလည်း မရှိဘူး။ အခု ဖြစ်နေတာလေးကိုလည်းပဲ မကျေမနပ် ဖြစ်နေတာ မဟုတ်ဘူး။ အခုဖြစ်နေတာကိုလည်း ဘာလဲ၊ မျှတတယ်တဲ့။ အဆင်ပြေပြေလေး သူ့စိတ်ထဲမှာ ရှိနေတယ်။ ရောင့်ရဲမှု၊ တင်းတိမ်မှု၊ ကျေနပ်မှု ဒါက လောဘ၊ ဒေါသ၊ မောဟ မရှိမှ ဒီလို မျှတတယ်၊ ကျေနပ်တယ်ဆိုတာလေးက ရှိနိုင်တာကိုး၊ ဟုတ်လား။

အဲဒါကြောင့်မို့လို့ **တေန ဝဏ္ဏော ပသီဒတိ**- သူ့ရဲ့ ရုပ်အဆင်းလေးက ကြည်လင် သန့်ရှင်းနေတာလို့ သူက အဲသလို ပြောတယ်။ အဲဒီမှာ သူ ဆက်ပြီးတော့ ဘယ်လို ပြောလဲဆိုတော့-

**အနာဂတပ္ပဇပ္ပါယ၊ အတီတဿာနုသောစနာ။**
**ဧတေန ဗာလာ သုဿန္တိ၊ နဠောဝ ဟရိတော လုတော။**

အနာဂတ်နှင့် ပတ်သက်ပြီးတော့ တွေးတော ကြံစည်နေကြတဲ့ပုဂ္ဂိုလ်တွေ၊ အတိတ်နှင့် ပတ်သက်

www.thitsarparamisociety.com


ပြီးတော့ တွေးတော ကြံစည်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ပူလောင်နေကြတဲ့ ပုဂ္ဂိုလ်တွေ။ အဲဒီပုဂ္ဂိုလ်တွေဟာ ဘာဖြစ်လဲဆိုတော့ နှုတ်ဖြတ်ထားတဲ့၊ ရိတ်ဖြတ်ထားတဲ့ ကျူရိုးများလိုပဲတဲ့။ ရိတ်ပြီးတာနှင့် အဲဒီကျူရိုးက စောစောက စိုစိုစိမ်းစိမ်းလေး၊ ရိတ်ဖြတ်ထားလိုက်တာနှင့် ချထားပြီးရင် ခဏနေ ဘာဖြစ်သွားလဲ။ ညှိုးခြောက်သွားတာ၊ ဟုတ်တယ် မဟုတ်လား။

**နဠော ဝ ဟရိတော လုတော**- ရိတ်ဖြတ်ထားတဲ့ကျူရိုးလို၊ **ဗာလာ သုဿန္တိ**- လူမိုက်တွေဟာ အမြဲတမ်း ခြောက်သွေ့နေတယ်၊ စိုစိုပြေပြေ မရှိဘူးတဲ့ ဟုတ်လား။

ဒါကြောင့် အတိတ်နှင့် ပတ်သက်ပြီးတော့ ပူပန်နေတဲ့လူ၊ အနာဂတ်နှင့် ပတ်သက်ပြီးတော့ စိုးရိမ်ကြောင့်ကြနေတဲ့လူ၊ ဒီလိုလူတွေဟာ ကြည်လင်မှု သန့်ရှင်းမှု မရှိနိုင်ဘူးလို့ သူ အဲသလို ပြောတာ။

အဲသလို ပြောတဲ့အခါ ရှင်ဘုရင်ကြီးက သူ့ရဲ့ မူရင်းရည်ရွယ်ချက်ကို အကောင်အထည် ဖော်တယ်။ အဲဒါက ဘာလဲဆိုတော့ ‘ချစ်သား၊ မင်းက အခုမှ ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ တောထဲမှာ ဒီလိုကြီး

www.thitsarparamisociety.com


လာပြီးတော့ နေလို့ ဘာလုပ်မှာလဲ’။ အဖေနှင့်ပြန်ပြီးတော့ တိုင်းပြည်ကို လိုက်ခဲ့ပါ၊ ရှိတာတွေ အကုန်လုံး မင်းကို အပ်မယ်ပေါ့။ ထီးနန်းစည်းစိမ် အကုန်လုံး မင်းကို အပ်မယ်။

ထီးနန်းစည်းစိမ်ကို ခံစားပြီးတော့ သားတွေ သမီးတွေ ရပြီးတော့မှ နောက်ကျတော့မှ မင်း ရှင်ရဟန်းပြုပါ။ အခု မင်း အရမ်းငယ်နေပါသေးတယ်။ တစ်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတာကိုး ဟုတ်လား။ အရမ်းငယ်နေသေးတဲ့အတွက်ကြောင့် ဒီလို လူငယ်တစ်ယောက်အနေနှင့် တောထဲမှာ ဘာလုပ်မလဲ။ ငယ်တာကို အကြောင်းပြုပြီးတော့ သူ့ရဲ့နောက်ကို ပြန်လိုက်ခဲ့ဖို့ တောင်းပန်တာပေါ့။

ဘုရင်ကြီးက ငယ်တာကို အကြောင်းပြုပြီးတော့ သူ့ကိုခေါ်တော့ ဘုရားအလောင်းကလည်းပဲ ငယ်တာကို အကြောင်းပြုပြီးတော့ မြတ်သောအကျင့်ကို ကျင့်သုံးသင့်တယ်ဆိုတာကို သူ ပြန်ပြောတာ။

မင်းကြီး… ငယ်ကတည်းက အကျင့်မြတ်ကို ကျင့်မှသာလျှင် ထွန်းထွန်းပေါက်ပေါက် စွမ်းစွမ်းတမံ ကျင့်သုံးနိုင်မှာ။ ငယ်ကတည်းက အကျင့်မြတ်ကို

www.thitsarparamisociety.com


ကျင့်ခြင်းကို ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်း ကြီးတွေက အလွန် ချီးမွမ်းကြတယ်။ ဒါကြောင့် သူ ဟာ ငယ်ကတည်းကပဲ ဒီအကျင့်မြတ်ကို ကျင့်မယ်။ ထီးနန်းစည်းစိမ်ဖြင့် သူ အလိုမရှိပါဘူးလို့ ပြော တယ်။ ထီးနန်းစည်းစိမ်ကို အလိုမရှိလို့လည်းပဲ ဒီလောက်ကြီး ခဲရာခဲဆစ် ကြိုးစားပြီးတော့ သူ ရှန်း ကန်ထွက်ခဲ့တာပေါ့ ဟုတ်လား။

မင်း လုပ်လိုတဲ့စိတ် မရှိဘူး။ ဒါကို ပိုပြီးတော့ ခိုင်မြဲသွားအောင် မင်းကြီးကို သူ တရားဟောတယ်။ ဘာပြောလဲဆိုတော့ ငါတို့ ငယ်သေးတယ်၊ ငယ်သေး တယ်ဆိုပြီးတော့ အကျင့်မြတ်ကို မကျင့်ဘူး။ အကျင့် မြတ်နှင့် အလှမ်းဝေးနေတဲ့ လူတွေအတွက် သူ ဘာ ပြောသလဲ။

'မင်းကြီး... အလွန် ချစ်စရာကောင်းတဲ့ ငယ် ငယ်ရွယ်ရွယ်လေးတွေ မိခင် ဖခင်တွေ အလွန် ချစ်ကြ တဲ့အရွယ်လေးမှာ သေသွားကြတာတွေကို သူ မြင်ဖူး တယ်။ ဥပမာ မြက်ပင်လေးတွေ သစ်ပင်လေးတွေ နုနုလေးတွေကို ဆွဲနှုတ်သလိုမျိုး သေမင်းက ငယ်ငယ် ကလေးနှင့် ခေါ်သွားတာကို သူ တွေ့ရဖူးတယ်။

www.thitsarparamisociety.com


ဆိုလိုတာက ငယ်လည်းပဲ ဘာလဲ သေရတာပဲ။ ငယ်လည်းပဲ ဘာလုပ်ရလဲ။ သေရတာပဲ၊ သေတတ်တာပဲ။ ဒါ အမှန်တရားပဲ။ ဒါပေမယ့် လူတွေက ကိုယ့်ကိုယ်ကိုတော့ သေမယ်ဆိုတဲ့စာရင်းထဲကို လောလောဆယ်တော့ မထည့်ကြသေးဘူး။ အဲဒီတော့ ငယ်လည်းပဲ သေတယ်ဆိုတာကို သူက သက်သေပြပြီးတော့ နောက်ထပ် သူ ပြောတဲ့စကားက ဒကာ၊ ဒကာမတို့ ဦးဇင်းတို့ အရမ်း မှတ်သားစရာ ကောင်းတယ်။

## အကျွမ်းမဝင်သင့်သောအရာ

ဘာပြောလဲဆိုတော့ အသက်ဆိုတာက ငယ်ငယ်ရွယ်ရွယ်နှင့်လည်း သေတတ်တာပဲ။ ငယ်ငယ်ရွယ်ရွယ် သေတတ်တဲ့ ဒီအသက်နှင့် ဘယ်လိုလူမှ အကျွမ်းတဝင် မနေသင့်ဘူး။ အသက်နှင့် အကျွမ်းတဝင် မနေသင့်ဘူးဆိုတာက အသက်ကို စိတ်ချပြီးတော့ မနေသင့်ဘူးလို့ ဆိုလိုတာ။

ဆိုကြပါစို့…ကိုယ်နှင့်ရင်းနှီးတဲ့၊ ကျွမ်းဝင်တဲ့သူဆိုရင် ဒီလူကတော့ ငါ့အပေါ် ဘာမှ မဟုတ်တာ မလုပ်ဘူးဆိုပြီးတော့ အရမ်းအကျွမ်းဝင်လေ စိတ်ချမှု

www.thitsarparamisociety.com


ရှိလေပဲ။ အဲ့သလိုပဲ လူတွေဟာ အသက်ရဲ့အပေါ်မှာ လည်းပဲ စိတ်ချမှုတွေ ရှိနေတယ်။ ဘယ်လို စိတ်ချတာလဲ။ မသေသေးဘူး။ သူ့ကို အရမ်း အကျွမ်းဝင်တယ်၊ အရမ်း ယုံထားတယ်။ ငယ်ငယ်နှင့်တော့ မသေဘူးဆိုတဲ့ အမြင်ကြီးနှင့် ဒီအသက်ကို ဘာလုပ်ထားလဲ။ အရမ်း အကျွမ်းတဝင် ပေါင်းသင်းထားတယ်။ စိတ်ချထားတယ်။

ဒကာ၊ ဒကာမတို့ ဦးဇင်းတို့တစ်တွေက ကိုယ့်အသက်ကို ဘာလုပ်ထားလဲ၊ စိတ်ချထားတယ်။ ဒီအချိန်ကတော့ မသေသေးပါဘူး။ ဘုရားအလောင်းက အဲဒါလေးကို ပြောတာ၊ ဟုတ်လား။ ငယ်သေးတယ်ဆိုပြီးတော့ ဒီအသက်ကို အကျွမ်းတဝင် မလုပ်နှင့်လို့ ပြောတာ။

ပြီးတော့ သူ ဆက်ပြီးတော့ ဥပမာတစ်ခု ပြောတာက သတ္တဝါတွေဟာ ဘာနှင့်တူလဲဆိုလို့ရှိရင် ရေနည်းလာတဲ့ ရေကန်ထဲက ငါးတွေနှင့် တူတယ်။ ရေနည်းငါးဆိုတာ တဖြည်းဖြည်းနှင့် သူတို့က ဘာလဲ၊ သေဖို့ သေချာနေပြီပေါ့။

တကယ့်တကယ် စဉ်းစားကြည့်တဲ့အခါ ဦးဇင်း

www.thitsarparamisociety.com


တို့၊ ဒကာ ဒကာမတို့ ဘဝဟာလည်း ဘယ်လို ဖြစ်နေလဲ။ နေရမယ့် အကြောင်းတရားတွေက တဖြည်းဖြည်း နည်းလိုက်နေတယ်။ ရေနည်းငါးပဲ။ သူ သုံးနှုန်းသွားတဲ့ အသုံးအနှုန်းလေး။

ဆက်ပြီးတော့ ဘာပြောလဲဆိုတော့ မင်းကြီးဟောဒီ လောကကြီးဟာ အမြဲတမ်း အနှိပ်စက်ခံနေရတယ်။ အမြဲမပြတ်လည်း ခြံရံနေတယ်။ ပြီးတော့ကာလတွေဆိုတာ အလကား အချည်းနှီး ကုန်ခန်းသွားတာ မဟုတ်ဘူးတဲ့။ သူ သုံးချက် ပြောတယ်။

ပြောတဲ့အခါကျတော့ မင်းကြီးက သိပ် နားမလည်ဘူး။ နားမလည်တဲ့အခါကျတော့ အမြဲတမ်းနှိပ်စက်နေတယ်ဆိုတာ ဘယ်သူက နှိပ်စက်တာလဲ။ ဒီလောကကို အမြဲမပြတ် ခြံရံနေတယ်ဆိုတာ ဘယ်သူက ခြံရံတာလဲ။ ဒီကာလကြီးဟာ အချည်းနှီး မဟုတ်ဘဲ ကုန်ခန်းသွားနေတယ်ဆိုတာ ဘာကို ပြောတာလဲ။

**အမြဲမပြတ် နှိပ်စက်တယ်ဆိုတာက** သေခြင်းတရားတွေ ဖြစ်နေတာကို ပြောတာ။ သေနေကြတာပဲပေါ့၊ ဟုတ်လား။

**အမြဲမပြတ် ခြံရံတယ်ဆိုတာက** အိုခြင်းတရား

www.thitsarparamisociety.com


ကို ပြောတာ။

**အချည်းအနှီး မဟုတ်မူ၍ ကုန်ခန်းသွားနေတယ်**ဆိုတာက ဘာပြောတာလဲဆိုတော့ အချိန်တွေ ကုန်သွားတယ်။ နေ့တွေ, ရက်တွေ ကုန်သွားတယ်ဆိုတာ အလကား ကုန်တာ မဟုတ်ဘူး။ အသက်ရယ်၊ အဆင်းရယ်၊ ခွန်အားရယ် ဒီသုံးခုကို ကုန်ခန်းစေရင်းနှင့် ကုန်သွားနေတာ။ အသက်လည်း တဖြည်းဖြည်း ကုန်လိုက်တယ်။ အဆင်းလည်း တဖြည်းဖြည်းနှင့် ကုန်လိုက်တယ်။ ခွန်အားတွေလည်း တဖြည်းဖြည်းနှင့် ကုန်လိုက်တယ်။

ဆက်ပြီးတော့ သူပြောတာက 'မင်းကြီး၊ လူ့ဘဝမှာ အသက်ရှင်နေရတယ်ဆိုတာ ဘာနှင့် ဥပမာတူလဲဆိုတော့ ရက်ကန်းရက်တာနှင့်လည်း ဥပမာတူတယ်တဲ့။ သူ့ရဲ့ဖခမည်းတော်ကြီးကို တရားဟောနေတာ။

ရက်ကန်းရက်တာမှာ တိုင်ချည် ရှိတယ်၊ ဒီက ဖောက်ချည်ရှိတယ်။ ဖောက်ချည် ရက်ဖောက်ကလေးနှင့် တိုင်ချည်ပင်တွေကြား ကန့်လန့်ဖြတ်သွားပြီး ဒိုင်းဆိုပြီး ခတ်လိုက်တယ်။ နောက်တစ်ခါ တစ်ဖက်

www.thitsarparamisociety.com


ကနေ သွင်းပြီး ဒိုင်းဆိုပြီး ခတ်လိုက်တယ်။ အဲဒီတော့ တစ်ချက်ခတ်လိုက်တိုင်း ခတ်လိုက်တိုင်း တိုင်ချည်ရဲ့ လက်ကျန်ဟာ တို့တိုပြီးတော့ လိုက်တယ်။ ဒါကို သူက ပြောချင်တာ။ ဆိုလိုတာက ဒီနေ့တစ်ရက် နေလိုက်တိုင်း နောက် နေစရာရက်က လျော့လျော့ သွားတယ်။ နည်းနည်း တိုသွားတယ်ပေါ့။ ဒါကြောင့် ဘဝဆိုတာ ရက်ကန်းရက်တာနှင့် တူတယ်လို့ ပြော တာ။ ဟုတ်တယ်၊ သေချာ စဉ်းစားကြည့်ရင် လူ့ဘဝ ရဲ့ ရှင်သန်နေရတယ်ဆိုတာ အဲဒီ ရက်ကန်းရက်တာ များနှင့်လည်း အလွန်တူတယ်။

နောက်ထပ် သူ ဆက်ပြီးတော့ ပြောတာက လူ့ဘဝ ရှင်သန်နေရတယ်ဆိုတာ မြစ်တစ်စင်း စီး ဆင်းနေတာနှင့်လည်း အလွန်တူတယ်။ မြစ်တစ်စင်း စီးဆင်းတယ်ဆိုလို့ရှိရင် အဲဒီမြစ်ဟာ နောက်ကိုပြန် ပြီးတော့ စီးတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး။ ရှေ့ သို့ပဲ သွားတယ်ပေါ့။

အဲဒီလိုပဲ နဂိုအခြေအနေလေးတွေကို ပြန်ရ ချင်တယ်၊ ရောက်ချင်တယ်ဆိုတာ ဘယ်လိုမှ မဖြစ် နိုင်ဘူး။ ရှေ့သို့သာပဲ သွားနေတယ်ပေါ့။ အဲဒီလို

www.thitsarparamisociety.com


သွားတဲ့နေရာမှာ ဒီမြစ်ဟာ သူ့ရဲ့ ကမ်းနားမှာ ပေါက်နေတဲ့ သစ်ပင်တွေကို တိုက်ဖျက်၊ တိုက်ခတ်ပြီးတော့ ထိုးပြီးတော့ တစ်ခါတည်း သယ်ဆောင်သွားတာတွေလည်း ရှိတယ်တဲ့။ တစ်ခါတည်း သူက ဥပမာကို ပါအောင် ပြောတာ။ အဲဒီလိုပဲ ဇရာ, မရဏဆိုတဲ့ ရေစီးကြောင်းက သတ္တဝါတွေကို ကမ်းနားသစ်ပင်လေးတွေလို တိုက်ဖျက်ပြီးတော့ မျှောယူသွားတာတွေလည်း ရှိတယ်။

သူ့ရဲ့ဖခမည်းတော်ကြီးကို တရားဟောတာ။ အဲဒီလို ဟောတဲ့အခါ မင်းကြီးက ဘာပဲပြောပြော သားတော်ဟာ အလွန်မှ ငယ်ပါသေးတယ်။ တိုင်းပြည်ကို ပြန်လိုက်ခဲ့ပါ။ ဒါပဲ ထပ်ပြောတယ်။

အဲဒီလို ပြောတဲ့အခါ ဘုရားအလောင်းက ထပ်ပြီးတော့ ဟောရပြန်တယ်။ ဘယ်လို ဟောလဲဆိုတော့ မင်းကြီး.. အဲဒီ ပျက်စီးတတ်တဲ့အရာတွေနှင့် ဘယ့်နှယ်ကြောင့် ကျွန်ုပ်ကို ဖိတ်မန်နေရတာလဲတဲ့။

မင်းကြီးက ယူပါ, ယူပါဆိုပြီးတော့ ပေးနေတဲ့ အရာတွေက တစ်ခုမှ မပျက်မယ့်အရာ မပါဘူး။ ပစ္စည်းဉစ္စာတွေကလည်း ပျက်စီးမယ်၊ သားတွေ မယား

www.thitsarparamisociety.com


တွေဆိုတာကလည်း သေဆုံးသွားကြမယ့် အရာတွေ။

ပျက်စီးမယ့်အရာတွေနှင့် ပတ်သက်ပြီးတော့ မွေ့လျော်နေခြင်းဖြင့် ကျွန်ုပ်မှာ ဘာအကျိုးမှ မရှိဘူးတဲ့။ သူ ပြောတာလေးတွေကို သေချာ စဉ်းစားနော်။ ပျက်စီးမယ့်အရာနှင့် မြူးတူးနေခြင်း၊ ပျက်စီးမယ့် အရာတွေရဲ့အပေါ်မှာ နှစ်သက်နေခြင်းဖြင့် သူ့မှာ ဘာအကျိုးမှ မရှိဘူးတဲ့။ သူ့ကို နန်းတော်ကို ပြန်ပြီး တော့ မဖိတ်ခေါ်ပါနှင့်ဆိုတဲ့ သဘောမျိုး ပြောတာ။

အဲဒီမှာ သူ ထပ်ပြီးတော့ ပြောတာက ကျွန်ုပ်ကို အသေသတ်မယ့် သေမင်းဟာ ကျွန်ုပ်ကို မေ့မနေဘူးဆိုတာကို ကျွန်ုပ်ဟာ ကောင်းကောင်း သိတယ်တဲ့။ ဆိုလိုတာက သေမင်းဟာ တစ်ချိန်ချိန်မှာ အသေသတ်လိမ့်မယ်ဆိုတာ ကောင်းကောင်း သိတယ်။ အဲဒီတော့ အသတ်ခံရမယ့် ကိုယ်ဟာ ဘယ့်နှယ်ကြောင့် ပျော်ရွှင်မြူးတူးပြီးတော့ နေသင့်သလဲ။ သတ်ခံရမယ့် လူတစ်ယောက်ရဲ့ ပျော်ရွှင်ခြင်း, မြူးတူးခြင်း, နှစ်သက်နေခြင်းသည် ဘာအကျိုးရှိသလဲလို့ သူ့ရဲ့ ဖခမည်းတော်ကို မေးခွန်းထုတ်တာ။

သူ ဆက်ပြီး ပြောတာက သစ်သီးတွေဟာ

www.thitsarparamisociety.com


မနက်ခင်းတိုင်း ကြွေကျရတယ်ဆိုတဲ့ဘေး ရှိတယ်။ အဲဒီလိုပဲ ကြီးကြီးငယ်ငယ် အရွယ်အမျိုးမျိုးသော သတ္တဝါတွေအတွက် သေခြင်းဆိုတဲ့ဘေးဟာ အမြဲ ရှိတယ်။ သီးမိပြီဆိုရင်တော့ ကြွေရတယ်ဆိုတာကို ရှောင်လို့ မရဘူး။

နောက်ပြီးတော့ သူ ပြောတာလေး အရမ်း လက်တွေ့ကျတာတစ်ခု ရှိတယ်။ မင်းကြီး‥ မနက် ခင်းမှာ တွေ့ကြ မြင်ကြရတဲ့လူတွေထဲက တချို့ကို ညနေခင်းမှာ မတွေ့ရတော့ဘူး။ ညနေခင်းမှာ တွေ့ကြ မြင်ကြရတဲ့ လူတွေထဲက တချို့ကို နောက်နေ့မနက် မှာ မတွေ့ရတော့ဘူးတဲ့။

တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြည့်နိုင် မယ်ဆိုရင် ဒီစကားက ဘယ်လောက်များ မှန်နေလိမ့် မလဲ။ မနက်ရှိတဲ့လူ ညနေကျတော့ မရှိတော့ဘူး။ ညနေရှိခဲ့တဲ့လူ နောက်နေ့မနက်ကျတော့ မရှိတော့ဘူး။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် သေနေကြတာတွေကို စဉ်းစားကြည့်မယ်ဆိုရင် ပိုမှန်လိမ့်မယ်။

ဒါကြောင့်မို့လို့ သူဟာ တရားကိုပဲ ကျင့်မယ်။ ဒီနေ့ပဲ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ အရေးကြီး

www.thitsarparamisociety.com


တယ်။ နောက်နေ့ နေရမယ်၊ မနေရဘူးဆိုတာ ဘယ်သူမှ သေချာပေါက် မပြောနိုင်ဘူး။ ဘာလို့လဲဆိုတော့ သေခြင်းတရားနှင့် ကိုယ်ဟာ အချိန်းအချက် ရှိမထားကြဘူးလို့ ဖော်ပြတဲ့-

**အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**
**န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။**

အဲ့ဒီဂါထာလေးလည်း သူ ရွတ်တဲ့ထဲမှာ ပါတယ်။

ဒီဇာတ်တော်က ဘယ်လို အဆုံးသတ်သွားတာလဲဆိုတော့ ဘုရားအလောင်းရဲ့ အဲဒီလို စွမ်းအားသတ္တိတွေကြောင့် ခမည်းတော်ကြီးရော၊ မယ်တော်ကြီးရော၊ မှူးမတ်တွေရော အကုန်လုံး ရသေ့ဝတ်ကြတာ။

သူတို့ တိုင်းပြည်ကို လာပြီးတော့ တိုက်ခိုက်ကြတဲ့ တခြားတခြားသော တိုင်းပြည်တွေက ရှင်ဘုရင်တွေရော၊ မှူးတွေမတ်တွေရော အကုန်လုံး ရဟန်းပြုကြတာ။ အနည်းငယ်မျှပဲ ကျန်တယ်လို့ ဆိုတယ်။ ခုနစ်ပြည်ထောင် ရသေ့ဝတ်ကြတာ။

သုံးယူဇနာလောက်ရှိတဲ့ အဲ့ဒီတောထဲမှာ သူနေတဲ့နေရာ အကုန်လုံး လူတွေနှင့် ပြည့်နေတယ်လို့

www.thitsarparamisociety.com


ဆိုတယ်။ သိကြားမင်းရဲ့ ဝိသကြံနတ်သားကလည်း ပဲ သူတို့ရဲ့ စားရေးသောက်ရေးကို အများကြီး ကူညီကြတယ်။

ဘုရားအလောင်းရှင်ရသေ့က အဲဒီရသေ့တွေ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေကို တွေးနေကြတယ်ဆိုရင် ဈာန်အဘိညာဉ်တန်ခိုးနှင့် ကောင်းကင်ကနေ သွားပြီးတော့ သူတို့ကို တည့်တည့် ပြောတာ။ ဒီလိုမျိုး မတွေးနှင့်၊ ဒီစိတ်မျိုး မထားနှင့်။ သူတို့ရဲ့စိတ်တွေကို သိနေတယ်။

သူ့ရဲ့အဆုံးအမမှာ တည်ပြီးတော့ ကျင့်သုံးကြရင်းနှင့် များသောအားဖြင့် ဈာန်အဘိညာဉ် ရကြတယ်။ ကောင်းရာမြတ်ရာ ရောက်ကြရတယ်။

သူ့ရဲ့အဓိဋ္ဌာန် အောင်လိုက်တာနှင့် သူတစ်ယောက်တည်း ကောင်းကျိုးချမ်းသာ ရတာ မဟုတ်ဘူး။ တခြားသော သတ္တဝါတွေ ကောင်းကျိုးချမ်းသာ မရဘူးလား။ အဲဒီတော့ ပြောချင်တာက ဒီမင်းသားရဲ့ ကောင်းတာကို လုပ်မယ်ဆိုတဲ့ သူ့ရဲ့ စွဲစွဲမြဲမြဲ ဆောက်တည်ထားတဲ့ အဓိဋ္ဌာန်တရားကို မဖြစ်ဖြစ်အောင်၊ မပျက်စီးအောင် သူ ကြိုးစား အားထုတ်နိုင်တာကို

www.thitsarparamisociety.com


အဓိက ပြောချင်တာပါ။

## တရားနိဂုံး

ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဒီကနေ့ ည အဓိဋ္ဌာန်ပါရမီနှင့် ပတ်သက်ပြီးတော့ ဦးဇင်းတို့ ပြောခဲ့တယ်။ အဓိဋ္ဌာန် ဘယ်နှပါး အကြမ်းဖျဉ်း ပြော လိုက်လဲ။ သုံးပါး။

'ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်' ဘာဖြစ်မယ်ဆိုရင် ဘယ်လို ဖြစ်ပါစေဆိုတဲ့ အဓိဋ္ဌာန်။

'အာသီသအဓိဋ္ဌာန်' ကိုယ်ဖြစ်ချင်တာတစ်ခုကို အဓိဋ္ဌာန်လိုက်တဲ့ အဓိဋ္ဌာန်မျိုး။

အခု အဓိကကျတဲ့ အဓိဋ္ဌာန်က ဘာလဲဆိုတော့ 'ဝတအဓိဋ္ဌာန်'။ မြင့်မြတ်တဲ့ ကောင်းမွန်တဲ့ လုပ်ငန်း တွေကို ပြီးမြောက်အောင် လုပ်မယ်ဆိုတဲ့ ကိုယ့်ရဲ့ ဆုံးဖြတ်ချက် ကိုယ့်ရဲ့အဓိဋ္ဌာန်ကို မပျက်စီးအောင် ကျောက်တောင်ကြီးများဟာ လေမုန်တိုင်းများ ကြုံ သော်လည်းပဲ မတုန်လှုပ်တဲ့သဘောမျိုး ရှိနေသလိုမျိုး ကိုယ်လည်းပဲ အဲဒီလို မတုန်မလှုပ် ကျင့်သုံးမယ်ဆိုလို့ ရှိရင် ကိုယ်ရောက်ချင်တဲ့ ပန်းတိုင်ကို မရောက်နိုင်ပေ ဘူးလား၊ ရောက်နိုင်တယ်။

www.thitsarparamisociety.com


ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဒီကနေ့ အဓိဋ္ဌာန်ပါရမီတရားကို နာယူကြည်ညိုကြရတဲ့ ကုသိုလ်ကောင်းမှုများနှင့်တကွ အလုံးစုံသော ဒါန, သီလ, သမာဓိ, ပညာ ကုသိုလ်ကောင်းမှု အစုစုတို့ရဲ့ အစွမ်းသတ္တိကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြပါစေလို့ ဦးဇင်းတို့ ဆန္ဒပြုရင်းနှင့် မေတ္တာပို့ပြီးတော့ တရားပွဲဓမ္မသဘင်ကို အဆုံးသတ်ကြရအောင်...။

**အရှင်ဥတ္တမ**(သစ္စာရွှေစည်)
သစ္စာရွှေစည်ကျောင်းတိုက်
ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့။
၁.၁.၂၀၁၈